ကြေးမုံ
The Mirror

၁၃၆၈ ခုနှစ်၊ ဦးတန်ခူးလပြည့်ကျော် ၁၀ ရက်၊ စနေနေ့၊ (22-4-2006) (၄၉၃၅)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ပဲခူးတိုင်း ရေတာရှည်မြို့နယ် တစ်နေ့ တန် ၅၀ ဓာတုစက်ကြိတ်ပျော့ဖတ်စက်ရုံနှင့် တစ်နေ့ တန် ၈၀ စက္ကူညိုစက်ရုံ(ရေနီ) ပန္နက်တင် မင်္ဂလာအခမ်းအနားတွင် ပန္နက်တိုင်ကို စိုက်ထူပေးစဉ်။ (သတင်းစဉ်)

ရေတာရှည်မြို့နယ် ရေနီအမှတ်(၂) စက္ကူစက်ရုံအတွင်း တစ်နေ့ တန် ၅၀ ဓာတုစက်ကြိတ်ပျော့ဖတ်စက်ရုံနှင့် တစ်နေ့ တန် ၈၀ စက္ကူညိုစက်ရုံ(ရေနီ) ပန္နက်တင်

နေပြည်တော် ဧပြီ ၂၁

ပဲခူးတိုင်း ရေတာရှည်မြို့နယ်ရှိ ရေနီအမှတ်(၂) စက္ကူစက်ရုံအတွင်း၌ တည်ဆောက်သွားမည့် တစ်နေ့ တန် ၅၀ ဓာတုစက်ကြိတ်ပျော့ဖတ်စက်ရုံနှင့် တစ်နေ့တန် ၈၀ စက္ကူညိုစက်ရုံ(ရေနီ) ပန္နက်တင် မင်္ဂလာအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရေနီအမှတ်(၂) စက္ကူစက်ရုံအတွင်းရှိ အဆိုပါစက်ရုံသစ် တည်ဆောက်မည့်မြေနေရာ၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း တက်ရောက်၍ ပန္နက်တိုင်များကို တင်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

တက်ရောက်

အဆိုပါ ပန္နက်တင်မင်္ဂလာအခမ်းအနားသို့ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် အမှတ်(၁) စက်မှုဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာကွမ်မု၊ စီချွမ်ပြည်နယ်အုပ်ချုပ်ရေးအဖွဲ့ဝင် Mr. She Guohua နှင့် Chengda Engineering Corporation of China မှ တာဝန်ရှိသူများ၊ ပဲခူးတိုင်းမှ တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ တောင်ငူခရိုင်နှင့် ရေတာရှည်မြို့နယ်တို့မှ ခရိုင်နှင့်မြို့နယ် ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ဒေသခံပြည်သူများ၊ ရေနီအမှတ်(၂) စက္ကူစက်ရုံမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ဝန်ထမ်းများနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❒

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဧည့်သည်တော်များ ဗဟိုမဏ္ဍပ်ရှေ့၌ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်း အနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror

၂၂-၄-၂၀၀၆
(စနေနေ့)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပြည်ပပို့ကုန် တိုးတက်တင်ပို့နိုင်ရေး ကြိုးပမ်း သွင်းကုန်အစားထိုးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုတစ်ဝန်းရှိ နယ်မြေဒေသအစိတ်အပိုင်းများအားလုံး ယှက်နွယ်ပေါင်းစည်းပြီး ညီညွတ်မျှတစွာ ဖွံ့ဖြိုးတိုးတက်လာစေရန် အဘက်ဘက်မှ ဖန်တီးဖော်ဆောင်ပေးနေသည်။

နိုင်ငံ၏ ဓနအင်အား တောင့်တင်းခိုင်မာရေးတွင် ပင်မစီးပွားရေးအခြေခံဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက် လာစေရေးအတွက် စိုက်ပျိုးရေရရှိရေးအပါအဝင် စိုက်ပျိုးရေးဆိုင်ရာ လိုအပ်ချက်များကို စီမံဖြည့်ဆည်းပေးလျက်ရှိသည်။ အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာဖြစ်ထွန်းစေမည့် အခြေခံကောင်းများကိုလည်း ထူထောင်အားပေးလျက်ရှိသည်။

ယခုအခါ နိုင်ငံတစ်ဝန်းရှိ မြေလွတ်မြေရိုင်းများကို ဖော်ထုတ်၍ စပါး၊ ပဲမျိုးစုံ၊ ဆီအုန်း၊ ရော်ဘာနှင့် အခြားသီးနှံများကို တိုးချဲ့စိုက်ပျိုး ထုတ်လုပ်လျက်ရှိသည်။ အထူးသဖြင့် တိုင်းရင်းသားလုပ်ငန်းရှင်များနှင့် စိုက်ပျိုးမွေးမြူသူများက ပြည်ပပို့ကုန်သီးနှံများ စိုက်ပျိုးထုတ်လုပ်ခြင်း၊ မွေးမြူရေးတိရစ္ဆာန်များနှင့် ရေထွက်ပစ္စည်းထုတ်လုပ်ခြင်း လုပ်ငန်းများကို အကျိုးတူ ပူးပေါင်းဆောင်ရွက်နေကြပြီဖြစ်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် ရခိုင်ပြည်နယ်ခရီးစဉ်အတွင်း ဧပြီလ ၁၉ ရက်နေ့က သံတွဲမြို့သို့ရောက်ရှိစဉ် ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး၌ သံတွဲ၊ တောင်ကုတ်၊ ဂွမြို့နယ်တို့မှ ခရိုင်နှင့်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ သံတွဲမြို့နယ်မှ စီးပွားရေးလုပ်ငန်းရှင်များ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးမှာကြားခဲ့သည်။

ဗိုလ်ချုပ်ကြီးသူရရွှေမန်းက နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ မှာကြားရာတွင် **ပြည်ပပို့ကုန်များ တိုးချဲ့တင်ပို့နိုင်အောင်၊ နိုင်ငံခြားသုံးငွေ တိုးတက်ရရှိအောင် ကြိုးပမ်းရမှာဖြစ်သကဲ့သို့ ပြည်ပမှ ပစ္စည်းများအပေါ် မှီခိုအားထားနေရမှုမှ လျော့နည်းကျဆင်းပြီး မိမိ၏ ကိုယ်ပိုင်ထုတ်လုပ်နိုင်အားအပေါ် ရပ်တည်နိုင်အောင် သွင်းကုန်အစားထိုးလုပ်ငန်းများကိုလည်း တိုးချဲ့လုပ်ကိုင်ရန် လိုအပ်ကြောင်း** ပြောကြားသွားသည်။

ယနေ့ကာလတွင် နိုင်ငံတော်အပိုင်းက ဈေးကွက်စီးပွားရေးစနစ်ပီပြင်စွာဖြစ်ပေါ်လာရေးဟူသည့် စီးပွားရေးဦးတည်ချက်နှင့် အညီ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များအား ကူညီပံ့ပိုးပေးနေသည်။ အလားတူစီးပွားရေးလုပ်ငန်းများ၌ ပို့ကုန်လုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိသည်။

တစ်ဖက်တွင်လည်း စက်မှုကဏ္ဍ၌ အရည်အသွေးမြင့်စက်ရုံများ ထူထောင်ပြီး သွင်းကုန်အစားထိုးကုန်ပစ္စည်းများ ထုတ်လုပ်နိုင်သည့် စက်ရုံ၊အလုပ်ရုံများ တိုးတက်ဖြစ်ထွန်းလာစေရန် အစီအမံများ ချမှတ်ဖော်ဆောင်လျက်ရှိသည်ကို တွေ့ရသည်။

နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်မြေဒေသအလိုက် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်လာစေရေး ကြိုးပမ်းလျက်ရှိရာတွင် စီးပွားရေးလုပ်ငန်းရှင်များက ဝန်ဆောင်မှု၊ ကုန်သွယ်မှုနှင့် ကုန်ထုတ်လုပ်မှုကဏ္ဍများ၌ တိုးချဲ့ရင်းနှီးမြှုပ်နှံ၍ ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။

ယင်းသို့လုပ်ငန်းများ ဖော်ဆောင်ရာတွင် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မိမိတို့တစ်ဦးချင်း၊ တစ်ဖွဲ့ချင်း အတွက်လည်း အကျိုးရှိ၊ နိုင်ငံတော်အတွက်လည်း အကျိုးဖြစ်ထွန်းစေမည့် စီးပွားရေးလုပ်ငန်းများကို စည်းကမ်းတကျ လုပ်ကိုင်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်က ပြည်ထောင်စုတစ်ရပ်လုံး ဆက်လက်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အမျိုးသားစီးပွားရေးဘဝ ခိုင်မာဖြစ်ထွန်းစေမည့် အစီအမံများကို အဘက်ဘက်က ကူညီအားပေးလျက်ရှိသည်နှင့်အညီ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ပြည်ပပို့ကုန်များ တိုးတက်တင်ပို့နိုင်ရေး ကြိုးပမ်းရင်း သွင်းကုန်အစားထိုးလုပ်ငန်းများကို ပိုမိုတိုးချဲ့ဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း နှစ်ပတ်လည်အစည်းအဝေးကို ကြိုဆိုဂုဏ်ပြု စေတနာရှင်များက အလှူငွေနှင့် ပစ္စည်းများပေးအပ်လှူဒါန်း

ရန်ကုန် ဧပြီ ၂၁

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း နှစ်ပတ်လည်အစည်းအဝေးကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စေတနာရှင်များက အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့ညနေ ၃နာရီခွဲတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် သံသုမာလမ်းနှင့် ပါရမီလမ်းထောင့်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဘက်စုံအဆောက်အအုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး Mr. Thambynathan Jasudasen ၊ Singapore Association Myanmar (SAM) ဥက္ကဋ္ဌ Mr. Teddi Chia နှင့် အလှူရှင်များ တက်ရောက်ကြသည်။

ပေးအပ်လှူဒါန်း

ရှေးဦးစွာ အလှူရှင် Singapore Association Myanmar (SAM) ကငွေကျပ် ၃၅သိန်း၊ မြို့တော် စည်ပင်သာယာရေးကော်မတီက ငွေကျပ်သိန်း ၃၀၊ ဦးမြတ်သူဝင်း အုပ်ချုပ်မှုဒါရိုက်တာ ရွှေမင်းသား ကုမ္ပဏီလီမိတက်က ငွေကျပ် ၆၃၀၀၀၀ တန်ဖိုးရှိ ကုလားထိုင် ဆက်တီတစ်စုံ၊ ဦးဇော်ဇော်–ဒေါ်ဌေးဌေးခိုင်(Max Myanmar)က ငွေကျပ်ငါးသိန်း၊ ဦးချစ်ခိုင်နှင့် ဇနီး (ဒေဝင်အုပ်စု)က ငွေကျပ် ငါးသိန်း၊ ဦးသိန်းဟန် (Tokyo Pipe)က ငွေကျပ်ငါးသိန်း၊ ဦးရှိန်ဝင်း(တက်လမ်းဆောက်လုပ်ရေး)က ငွေကျပ်ငါးသိန်း၊ ဦးမောင်မောင်အောင်(အဏ္ဏဝါအောင် ရေထွက်ပစ္စည်း ရောင်းဝယ်ရေး)က ငွေကျပ်ငါးသိန်း၊ ဦးသိန်းမောင်–ဒေါ်ပါးပါး (စန္ဒီပရဆေးမိသားစု)က ငွေကျပ် ၃၀၇၀၀၀၊ ဦးအောင်ကျော်လွင်မိသားစု(ဒေါ်အေး လျှပ်စစ်ပစ္စည်းအရောင်းဆိုင်)က ငွေကျပ်သုံးသိန်း၊ ဦးရှောင်စန်း မိသားစု (Crown Wire ကုမ္ပဏီ)က ငွေကျပ်သုံးသိန်း၊ ဦးစိုးဝင်း (စိုးအောင် Brother လျှပ်စစ်ပစ္စည်းရောင်းဝယ်ရေး)က ငွေကျပ်သုံးသိန်း၊ ဦးကျော်လွင်မိုး (ရောဝတီကုမ္ပဏီ)က ငွေကျပ်သုံးသိန်း၊ ဆရာ ဦးစံတင်အောင် (ရွှေဘို)က ငွေကျပ် ၂၁၀၀၀၀ တန်ဖိုးရှိ "သင်၏တန်ဖိုးအမြင့်မားဆုံး ဘယ်လောက်သတ်မှတ်ထားပါသလဲ"စာအုပ် အုပ်ရေ ၁၀၀ တို့ကို အသီးသီးပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံ မိခင် နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းကလက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် Singapore Association Myanmar (SAM) ဥက္ကဋ္ဌ Mr. Teddi Chia က လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။



မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း နှစ်ပတ်လည် အစည်းအဝေးကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စေတနာရှင်များက အလှူငွေနှင့် ပစ္စည်းများပေးအပ်လှူဒါန်းပွဲတွင် မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းထံ အလှူရှင် Singapore Association Myanmar (SAM)**က ငွေကျပ် ၃၅ သိန်း ပေးအပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

လက်ဆောင်ပေးအပ်

ယင်းနောက် မြန်မာနိုင်ငံမိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက ကျေးဇူးတင်စကားပြောကြားပြီး အမှတ်တရလက်ဆောင်ပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဧည့်သည်တော်များသည် ခန်းမအတွင်း ပြသထားသည့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြသည်။

(သတင်းစဉ်)

ကျေးဇူးတင်စကား ပြောကြား

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း နှစ်ပတ်လည် အစည်းအဝေးကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စေတနာရှင်များက အလှူငွေနှင့် ပစ္စည်းများပေးအပ်လှူဒါန်းပွဲတွင် မြန်မာနိုင်ငံမိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း ကျေးဇူးတင်စကားပြောကြားစဉ်။

(သတင်းစဉ်)

နှစ်ဖက်သောမိဘများအား အမှူးထား၍ ကွယ်လွန်သူ သမီး မမြတ်သန္တာအားရည်စူးပြီး စမ်းချောင်းမြို့နယ်မြေနုလမ်းနေ ဦးရဲထွဋ်ဟန်–ဒေါ်သရဖီဝင်း၊ သား မောင်မျိုးအောင်ကျော်(Apple မိသားစု) က ဗဟန်းမြို့နယ် ဓိဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရငွေပဒေသာပင် အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီးမောင်တင်(ငြိမ်း)နှင့်ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးဝင်းထိန်တို့ လက်ခံယူကြစဉ်။ (က–ပ)

သင်ကြားမှု အရည်အသွေး ပြည့်ဝမှ သင်ယူသူများ အရည်အသွေးပြည့်ဝမည်

လင်း (ပညာရေး)

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးဟူသော လူမှုရေးဦးတည်ချက်နှင့်အညီ အမျိုးသားပညာရည်မြင့်မားရေးအတွက် ၁၉၉၇-၉၈ ပညာသင်နှစ်မှစတင်၍ ပညာရေးနှီးနှောဖလှယ်ပွဲများ ကျင်းပကာ ပညာရေးမြှင့်တင်မှု အစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ ၂၀၀၁ခုနှစ် မေလတွင် ကျင်းပသော အခြေခံပညာကဏ္ဍနှင့် အဆင့်မြင့်ပညာကဏ္ဍ ပညာရေးနှီးနှောဖလှယ်ပွဲများတွင် အမျိုးသားပညာရည်မြင့်မားရေး အနှစ်၃၀နှစ်ရှည် စီမံကိန်းကို ရေးဆွဲအတည်ပြုခဲ့ကြပြီး ၂၀၀၁-၂၀၀၂ ဘဏ္ဍာရေးနှစ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ၂၀၀၅ ခုနှစ် ဒီဇင်ဘာလ ၁၁ရက်နေ့မှ ၂၆ရက်နေ့အတွင်း ကချင်ပြည်နယ်၊ မန္တလေးတိုင်းနှင့် မကွေးတိုင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လှည့်လည်ကြည့်ရှုစစ်ဆေးသည့် ခရီးစဉ်တွင် ပညာရေးအရည်အသွေးမြင့်မားရေးနှင့် နိုင်ငံတကာ အဆင့်မီရေးအတွက် အခြေခံပညာကဏ္ဍနှင့်အဆင့်မြင့်ပညာကဏ္ဍတို့တွင် သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာ အဆင့်မြှင့်တင်ရေးဆွေးနွေးပွဲများ ပြုလုပ်ပြီး ပြုပြင်ရေးဆွဲရေး၊ အခြေခံပညာ အထက်တန်းအဆင့် အင်္ဂလိပ်စာ၊ သင်္ချာနှင့် အခြားလိုအပ်သည့် ဘာသာရပ်များအတွက် ဘာသာရပ်သင်ဆရာ၊ ဆရာမများ အရည်အသွေးမြင့်မားရေး မွမ်းမံသင်တန်းများ ဖွင့်လှစ် လေ့ကျင့်ပေးရေးတို့ကို လမ်းညွှန်မှာကြားခဲ့သည်။

အနှစ် ၃၀နှစ်ရှည်စီမံကိန်းကို ၂၀၀၁-၂၀၀၂မှ ၂၀၃၀-၂၀၃၁အထိ နှစ်တိုငါးနှစ်စီမံကိန်းကာလ ခြောက်ခုပိုင်းခြား၍ အကောင်အထည်ဖော်ဆောင်ရွက်သကဲ့သို့ ၂၀၀၀-၂၀၀၁ မှ ၂၀၀၃-၂၀၀၄ ပညာသင်နှစ်အထိ အမျိုးသားပညာရည်မြင့်မားရေး အထူးလေးနှစ်စီမံကိန်းကိုလည်း ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

အမျိုးသားပညာရည် မြင့်မားရေးအတွက် စီမံကိန်းများရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်နေသကဲ့သို့ ဆရာ၊ဆရာမများ၏ သင်ကြားမှုအရည်အသွေးမြင့်မားရေး၊ သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများကို နိုင်ငံတကာအဆင့်မီ မြှင့်တင်ရေး၊ သင်ကြားသင်ယူမှု အထောက်အကူပြုပစ္စည်းများကို ထိရောက်စွာ အသုံးပြုသင်ကြားရေး၊ ဥပဒေ၊ စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များကို လေးစားလိုက်နာရေး၊ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးနှင့် ပြည်ထောင်စုစိတ်ဓာတ် ရှင့်သန်ခိုင်မာရေးဟူသော ဦးတည်ချက်များကို အထူးအလေးပေး အကောင်အထည်ဖော် ဆောင်ရွက်ကြရန် နိုင်ငံတော်အကြီးအကဲဗိုလ်ချုပ်မှူးကြီး သန်းရွှေက လမ်းညွှန် မှာကြားထားသည်။

ထိုလမ်းညွှန်မှာကြားချက်များနှင့်အညီ ကျောင်းတွင်းစီမံခန့်ခွဲမှုလုပ်ငန်းများ သွက်လက်ထက်မြက်စေရေးအတွက် အခြေခံပညာကျောင်းများ၊ ရုံးများ၏ စီမံခန့်ခွဲမှုအရည်အသွေးမြှင့်တင်ရေးသင်တန်းများကို ၂၀၀၅ခုနှစ် စက်တင်ဘာလနှင့် ဒီဇင်ဘာလအတွင်း သင်တန်းသုံးကြိမ် ဖွင့်လှစ်လေ့ကျင့်ပေးပြီး စီမံခန့်ခွဲရေးလုပ်ငန်းများ၊ သင်ကြားသင်ယူမှုနှင့် စစ်ဆေးတိုင်းတာမှုလုပ်ငန်းများ ပိုမိုထိရောက်စေရန် ဆောင်ရွက်နိုင်ခဲ့သည်။

အမျိုးသားပညာရည်မြင့်မားရေး အနှစ်၃၀ နှစ်ရှည်စီမံကိန်း၏ ပထမနှစ်တို ငါးနှစ်စီမံကိန်းကာလအတွင်း ကျောင်းနေအရွယ်ကလေးတိုင်း ပညာသင်ယူခွင့်ရရှိရေး၊ ကျောင်းနေအရွယ်လွန် ကလေးတိုင်း အချိန်တိုကာလအတွင်း မူလတန်းပညာကို သင်ယူပြီးမြောက်ရေးတို့အပြင် အလယ်တန်းပညာကို လက်လှမ်းမီစွာ သင်ယူနိုင်ရေးအတွက် မူလတန်းလွန်ကျောင်းများကို တိုးချဲ့ဖွင့်လှစ်ပေးခြင်းဖြင့် အမျိုးသားပညာရည်မြင့်မားရေးအတွက် ကြိုးပမ်းခဲ့ကြသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ၂၀၀၅ ခုနှစ် ဒီဇင်ဘာလ ၁၁ရက်နေ့မှ ၂၆ရက်နေ့အတွင်း ကချင်ပြည်နယ်၊ မန္တလေးတိုင်းနှင့် မကွေးတိုင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လှည့်လည်ကြည့်ရှုစစ်ဆေးသည့်ခရီးစဉ်တွင် ပညာရေးအရည်အသွေးမြင့်မားရေးနှင့် နိုင်ငံတကာ အဆင့်မီရေးအတွက် အခြေခံပညာကဏ္ဍနှင့်အဆင့်မြင့်ပညာကဏ္ဍတို့တွင် သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာ အဆင့်မြှင့်တင်ရေးဆွေးနွေးပွဲများ ပြုလုပ်ပြီး ပြုပြင်ရေးဆွဲရေး၊ အခြေခံပညာ အထက်တန်းအဆင့် အင်္ဂလိပ်စာ၊ သင်္ချာနှင့် အခြားလိုအပ်သည့် ဘာသာရပ်များအတွက် ဘာသာရပ်သင်ဆရာ၊ ဆရာမများ အရည်အသွေးမြင့်မားရေး မွမ်းမံသင်တန်းများ ဖွင့်လှစ်လေ့ကျင့်ပေးရေးတို့ကို လမ်းညွှန်မှာကြားခဲ့သည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်နှင့်အညီ ဆရာ၊ ဆရာမများသင်ကြားမှု အရည်အသွေးမြင့်မားစေရေးအတွက် အခြေခံပညာ အထက်တန်းအဆင့် အင်္ဂလိပ်စာ၊ သင်္ချာနှင့် ရူပဗေဒဘာသာပြ ဆရာ၊ ဆရာမများ မွမ်းမံသင်တန်းများကို မတ်လ ၂၈ရက်မှ မေလ ၂၆ရက်အထိ ဖွင့်လှစ်လေ့ကျင့်ပေးလျက်ရှိသည်။

နိုင်ငံတစ်ဝန်းလုံးရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ် ၃၀တွင် တက္ကသိုလ်ဆရာ၊ ဆရာမ ၂၆၉ဦးတို့က အခြေခံပညာ အထက်တန်းအဆင့် အင်္ဂလိပ်စာ၊ သင်္ချာနှင့် ရူပဗေဒဘာသာပြ ဆရာ၊ ဆရာမ ၆၉၃၂ဦးကို လေ့ကျင့်သင်တန်းပေးနေပြီဖြစ်ရာ အဆင့်မြင့်ပညာကဏ္ဍ၊ အခြေခံပညာကဏ္ဍဟူ၍ မခွဲခြားဘဲ ပညာရေးမိသားစုက တစ်မျိုးသားလုံး ပညာရည်မြင့်မားရေးအတွက် စွမ်းအားစုနှစ်ခုကို ပေါင်းစည်း ဆောင်ရွက်ခြင်းပင်ဖြစ်သည်။

ရန်ကုန်ပညာရေးတက္ကသိုလ်၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်နှင့် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်တို့တွင် ဖွင့်လှစ်သော အခြေခံပညာ အထက်တန်းအဆင့် အင်္ဂလိပ်စာ၊ သင်္ချာနှင့် ရူပဗေဒဘာသာပြ ဆရာ၊ ဆရာမများ မွမ်းမံသင်တန်းဖွင့်ပွဲအခမ်းအနားများတွင် ပညာရေး ဝန်ကြီးဌာနဝန်ကြီး ဒေါက်တာချမ်းငြိမ်းက "နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ တက္ကသိုလ်ဆရာ၊ ဆရာမများအနေဖြင့် သက်ဆိုင်ရာဘာသာရပ်အလိုက် အရည်အသွေးပြည့်ဝသည့် ဘာသာပြဆရာ၊ ဆရာမများအဖြစ် ပေါ်ထွန်းလာစေရေးအတွက် လေ့ကျင့်သင်ကြားပေးကြစေလိုကြောင်း၊ မွမ်းမံသင်တန်းကို တက်ရောက်လာကြသည့် အခြေခံပညာ အထက်တန်းအဆင့် ဘာသာရပ်သင် ဆရာ၊ဆရာမများအနေဖြင့်လည်း ပညာရေးဝန်ကြီးဌာန၏ အခြေခံပညာရေး အရည်အသွေးမြင့်မားရေး မျှော်မှန်းချက်များကို ပြည့်မီကျော်လွန်သည်အထိ ကြိုးပမ်းလေ့လာမှတ်သားသွားကြစေလိုကြောင်း။ သင်တန်းဆင်းပြီးနောက် မိမိတို့ကျောင်းသို့ ပြန်လည်ရောက်ရှိချိန်၌လည်း သင်တန်းက ဆွေးနွေးပို့ချလိုက်သည့် အကြောင်းအရာ အချက်အလက်များနှင့် အတွေ့အကြုံများကို အသုံးပြုပြီး ကျောင်းသား၊ကျောင်းသူများ၏ သင်ယူတတ်မြောက်မှု အရည်အသွေးကို မြှင့်တင်ပေးကြစေလိုကြောင်း"ဖြင့် တိုက်တွန်းမှာကြားခဲ့သည်။

အမျိုးသားပညာရေးမြင့်မားရေးဟူသော ဦးတည်ချက် ရောက်ရှိရေးတွင် အခြေခံပညာကဏ္ဍသည် အခြေခံအုတ်မြစ်ဖြစ်သည်။ ထိုအခြေခံအုတ်မြစ်ခိုင်မာရေးအတွက် တာဝန်ယူတည်ဆောက်ကြရသော ပညာရေးဗိသုကာ ဆရာ၊ဆရာမများ အရည်အသွေးပြည့်ဝနေပါမှ အနာဂတ်နိုင်ငံ့သားကောင်းများဖြစ်ကြသည့် ကျောင်းသား၊ကျောင်းသူများအနေဖြင့် အီလက်ထရွန်နစ်နည်းပညာများ အံ့မခန်းတိုးတက်နေသည့် ပညာခေတ်တွင် အရည်အသွေးစုံလင်သော လူ့ဘောင်လောကကို ရင်ဆိုင်နိုင်ကြမည် ဖြစ်သည်။

သင်ကြားမှုအရည်အသွေးပြည့်ဝနေပါမှ သင်ယူသူများ အရည်အသွေးပြည့်ဝမည်ဖြစ်ရာ ဆရာ၊ ဆရာမျာအနေဖြင့် ဤကဲ့သို့သော ကောင်းမွန်ထူးခြားသည့် မွမ်းမံသင်တန်းမှ ရရှိလာသော အတွေ့အကြုံ အချက်အလက်များကို အရင်းတည်၍ နိုင်ငံတော်၏ ပညာရေး ရည်မှန်းချက်များကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်သူများ အဖြစ် ကြိုးပမ်းအားထုတ်သွားနိုင်ကြမည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။ ။

သန်လျင်မြို့နယ်မှ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ရရှိခဲ့သည့် ဆရာတော်များနှင့် လူပုဂ္ဂိုလ်အား ဂုဏ်ပြုပူဇော်ပွဲကို ဧပြီ ၁၉ရက်က ဝိသုဒ္ဓါရာမ ချမ်းမြေ့သာယာအေး စာသင်တိုက်၌ ကျင်းပရာ သီရိသုဓမ္မသီဂီ ဘွဲ့တံဆိပ်ရ ဆရာမကြီး ဒေါ်အေးအေးခန့်အား မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၏ ဇနီး ဒေါ်မြင့်ရီက ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။ (၅၂၇)

ရန်ကုန်မြို့ ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာ လမ်းသစ်နေ ကွယ်လွန်သူ အဘွား ဒေါ်ကျင်အိမ်အား ရည်စူး၍ ကျန်ရစ်သူ မိသားစုနှင့် မြေး ရုပ်ရှင်သရုပ်ဆောင် နေဆန်းက အလှူငွေ ကျပ်နှစ်သိန်းကို ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း (၁၆/၂) ရပ်ကွက် သင်္ဃန်းကျွန်းမြို့နယ်ရှိ (ရန်ကုန်) နာရေးကူညီမှုအသင်းသို့ လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဦးကျော်သူနှင့် ဘဏ္ဍာရေးမှူး ဒေါ်မြင့်မြင့်ခင်ဖေတို့က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

မရမ်းကုန်းမြို့နယ် အမှတ်(၉) ရပ်ကွက် အညာစုလမ်းရှိ ဝိဇယာရာမကျောင်း သုံးထပ်ကျောင်း ဆောင်သစ် ဆောက်လုပ်ရန်အတွက် ခရမ်းမြို့ အမှတ်(၅)ရပ်ကွက် ဒေါ်နုလမ်းနေ ရွှေသိန်းမင်း ဆေးတိုက်ပိုင်ရှင် တိုင်းရင်းဆေးဆရာကြီးဦးဘသိန်းကျင်-ဒေါ်ရွှေသန်း မိသားစုက အလှူငွေ ကျပ်သိန်း ၅၀ ကို ပေးအပ်လှူဒါန်းရာ ဆရာတော်ဦးနန္ဒာစာရနှင့် ကျောင်းဆောက်လုပ်ရေးကော်မတီက လက်ခံယူစဉ်။ (၂၉)

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း(မြောက်) ဓမ္မာရုံလမ်းနေ ဦးဇော်လွင်-ဒေါ်ခင်ခင်ဖြူ၊ သား သီဟဇော်လွင်၊ အောင်ဇော်လွင်၊ လင်းဇော်လွင်၊ နန္ဒဇော်လွင် မိသားစုက ထာဝရဆေးပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။

(ဘိုးဘွားရိပ်သာ)

အမေရိကန်သတင်းစာဆရာတစ်ဦး အင်ဒိုနီးရှားနိုင်ငံမှ နှင်ထုတ်ခံရ

ဂျကာတာ မေ ၂၀

အမေရိကန်နိုင်ငံ သတင်းစာဆရာ ဝီလီယံနက်ဆင်ကိုအင်ဒိုနီးရှား နိုင်ငံ မီဒန်မြို့သို့ ရောက်လျှင်ရောက်ချင်း လူဝင်မှုကြီးကြပ်ရေးတာဝန်ရှိပုဂ္ဂိုလ်များက ဖမ်းဆီး ထိန်းသိမ်းလိုက်ပြီး နောက်ရက်တွင် ၎င်း၏နိုင်ငံသို့ ပြန်ပို့ဖွယ် ရှိကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ဝီလီယံနက်ဆင်သည် ၎င်း၏ဇနီးရှိသည့် အာချေးပြည်နယ်သို့အလာ မြောက်ဆူမတြားဒေသ၏ မြို့တော်သို့ ဆိုက်ရောက်လာခဲ့ခြင်းဖြစ်သည်။

အာချေးပြည်နယ်သူတစ်ဦးဖြစ်သည့် မိမိ၏ဇနီးနှင့် တွေ့ဆုံလို၍ မိမိ လာရောက်ခြင်းဖြစ်ကြောင်း နက်ဆင်က ပြောကြားသည်။ ၎င်းသည် လွတ်လပ်သည့် အာချေးလှုပ်ရှားမှုစာအုပ်ကို ၂၀၀၅ ခုနှစ်အတွင်းက ရေးသားခဲ့ပြီး ထိုစဉ်က နိုင်ငံကူးလက်မှတ်နှင့် အခြားစာရွက်စာတမ်းများ ပြသနိုင် ခဲ့ခြင်းမရှိသဖြင့် ဒေသဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များက ပြည်ဝင်ခွင့်ဥပဒေ ချိုးဖောက်မှုဖြင့် စွပ်စွဲကာ ထောင်ဒဏ်တစ်လ အပြစ်ပေးခဲ့သည်။

၎င်းကို ၂၀၀၃ ခုနှစ် ဩဂုတ်လ ၃ ရက်က လွှတ်ပေးခဲ့သော်လည်း အင်ဒိုနီးရှားနိုင်ငံအတွင်း နောက်ထပ်ဝင်ခွင့်မပြုရန် ကန့်သတ်ထားခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။



အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းရှိ ကမ္ဘာလှည့်ခရီးသွားများ လာရောက်လည်ပတ်ရာ ဘီဆာကီဘုရားကျောင်းအဝင်ဝမုခ်ဦးကို မေ ၂၀ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဗီယက်နမ်၌ ရေနံထွက်ကုန်ပစ္စည်းများ ပြည်ပသို့ တင်ပို့ရောင်းချခွင့်ပြု

ဟနွိုင်း မေ ၂၀

ဗီယက်နမ်နိုင်ငံသည် ရေနံထွက်ကုန်ပစ္စည်းများ ပြန်လည်တင်ပို့နိုင်ရန် ကုမ္ပဏီများအားလုံးကို မေလ၁ရက်မှ လုပ်ကိုင်ခွင့်ပြုရန်အစိုးရက ဆုံးဖြတ်ခဲ့ကြောင်း ဗီယက်နမ်သတင်းဌာနသည် မေ ၁၈ ရက်တွင်ဖော်ပြခဲ့သည်။

ဗီယက်နမ် ကုန်သွယ်ရေးဝန်ကြီးဌာန၏ စည်းမျဉ်းအသစ်များအရ ရေနံထွက်ကုန်ရောင်းချသော ကုမ္ပဏီများသည် အခြားနိုင်ငံများသို့ ရေနံထွက်ကုန်များကို သင့်တင့်လျောက်ပတ်သော ဈေးနှုန်းဖြင့် ရောင်းချရမည်ဖြစ်သည်။

သယ်ယူစရိတ်နှင့်သိုလှောင်စရိတ်များကိုတွက်ချက်ပြီး အပြည်ပြည်ဆိုင်ရာ ဈေးနှုန်းကို အခြေခံသောဈေးဖြင့် ရောင်းချမည်ဖြစ်သည်။ ဗီယက်နမ်နိုင်ငံသည် ရေနံတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၆၀ဖြင့် တင်သွင်းခဲ့ပြီး တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၈၀ ဖြင့် တင်ပို့ရောင်းချမည်ဖြစ်ကြောင်း ဗီယက်နမ် အမျိုးသား ရေနံကော်ပိုရေးရှင်း ဒုတိယညွှန်ကြားရေးမှူးချုပ် ဗျူလ်နော့ဘာအိုက ပြောကြားခဲ့သည်။

ဝယ်ယူရောင်းချသော ဈေးနှုန်းသည် တစ်စည်လျှင် အမေရိကန် ဒေါ်လာ ၂၀မျှ ကွာဟကြောင်း၊ သယ်ယူပို့ဆောင်ရေးစရိတ်အတွက် အမေရိကန်ဒေါ်လာ ၁၀၊ အလုပ်သမားစရိတ်နှင့် ကနဦးရင်းနှီးမြှုပ်နှံမှုစရိတ်အတွက် ရှစ်ဒေါ်လာနှင့် ကုမ္ပဏီအမြတ်ငွေအတွက် အမေရိကန်နှစ်ဒေါ်လာရှိကြောင်း ၎င်းကပြောကြားခဲ့သည်။

ဗီယက်နမ်နိုင်ငံတွင် ရေနံထွက်ကုန် ပစ္စည်းများ ရောင်းချရန်နှင့် တင်သွင်းရန်ယခုအချိန်၌ ကုမ္ပဏီ ၁၀ခုကို လုပ်ကိုင်ခွင့်ပေးခဲ့ကြောင်း၊ ထိုရေနံ ထွက်ကုန်ပစ္စည်းများဖြင့် လာအိုနိုင်ငံ၏ ဝယ်လိုအား ၆၀ ရာခိုင်နှုန်းကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း ၎င်းကပြောဆိုခဲ့သည်။

ယခုနှစ်ပထမသုံးလပတ်တွင် ဗီယက်နမ်နိုင်ငံသည် ရေနံထွက်ပစ္စည်း အမေရိကန်ဒေါ်လာ ၁ ဒသမ၃ဘီလီယံတန်ဖိုးရှိ တန်ချိန်၂ဒသမ၇ သန်းကို တင်သွင်း ခဲ့ကြောင်း၊ ယမန်နှစ် အလားတူကာလကထက် တန်ဖိုးအားဖြင့် ၁၅ ရာခိုင်နှုန်း တိုးတက်ခဲ့သော်လည်း ပမာဏအားဖြင့် ၁၂ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း ဗဟိုစာရင်းအင်းများတွင် ဖော်ပြထားသည်။

တစ်ချိန်တည်းမှာပင် အမေရိကန် ဒေါ်လာ နှစ်ဘီလီယံတန်ဖိုးရှိ ရေနံစိမ်း တန်ချိန် ၄ဒသမ ၂သန်းကို တင်ပို့ခဲ့ကြောင်း၊ယမန်နှစ်ကထက်တန်ဖိုးအားဖြင့် ၁၆ ဒသမ ၁ရာခိုင်နှုန်း များပြားလာပြီးပမာဏအားဖြင့်၁၀ ဒသမ၄ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း ဖော်ပြခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

တရုတ်နိုင်ငံ မင်ကွင်းခရိုင်တွင် သဲမုန်တိုင်းဒဏ်ခံနေရသူတစ်ဦးကို မေ ၂၀ ရက်က တွေ့မြင်ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တရုတ်နိုင်ငံတွင် သဲမုန်တိုင်းတိုက်ခတ်

ပေကျင်း မေ ၂၀

တရုတ်နိုင်ငံ၏ ရှစ်ပုံတစ်ပုံခန့်နေရာများတွင် မေ ၁၄ရက်မှ ၁၈ရက်အတွင်း သဲများဖုံးလွှမ်းခဲ့ပြီး ပေကျင်းမြို့တော်တွင် သဲတန်ချိန် ၃၃၀၀၀၀ ခန့် တနင်္ဂနွေနေ့ညက ဖုံးခဲ့သည်။

တရုတ်မိုးလေဝသအုပ်ချုပ်ရေးဌာန (စီအမ်အေ)က ကျင်းပသည့် သဲမုန်တိုင်းဆိုင်ရာ ညီလာခံနှင့်စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲတွင် ယင်းသတင်းကို ထုတ်ပြန်ကြေညာခြင်းဖြစ်သည်။

တရုတ်နိုင်ငံတွင် ယခုနှစ်အတွင်း ဒသမအကြိမ်မြောက် သဲမုန်တိုင်း တိုက်ခတ်မှုဖြစ်ပြီး ပေကျင်းတွင် အဋ္ဌမအကြိမ်သဲမုန်တိုင်းနှင့် ကြုံရသည့် ဖြစ်ရပ်ဖြစ်သည်ဟု စီအမ်အေလက်အောက်ရှိ တရုတ်ဗဟို မိုးလေဝသဌာန ဒုတိယအကြီးအကဲ ကျာဇီယူက ဆိုသည်။

ပေကျင်းသို့ သဲမုန်တိုင်းတိုက်ခတ်ပြီး ကျရောက်လာသည့်သဲများမှာ အတွင်းမွန်ဂိုးလီယားဒေသနှင့် အခြားဒေသများမှ ရောက်လာခြင်းဖြစ်သည်ဟု ၎င်းက ပြောကြားသည်။

ပေကျင်းမြို့တော်တွင် လေထုညစ်ညမ်းမှုအခြေအနေသည်အဆိုးရွားဆုံးအခြေသို့ ကျရောက်နေသည်ဟု ပေကျင်းမြူနီစပါယ် သဘာဝပတ်ဝန်းကျင် ကာကွယ်ရေးဌာနက ပြောကြားသည်။

ဧပြီလအတွင်း ပေကျင်းမြို့တော်၏ ကောင်းကင်သည် လေးရက်သာ ကြည်ကြည်လင်လင်ရှိခဲ့ပြီး တစ်နှစ်အတွင်း ရက်ပေါင်း ၂၃၀ သာ ကြည်ကြည်လင်လင်ရှိသည့် အခြေအနေသို့ ရောက်ရှိနိုင်ဖွယ်ရှိသည်။

ပေကျင်းရှိဒေသခံ ပြည်သူများက ဖုံများ၊ သဲများ လွှမ်းနေသည့် လမ်းများကို ရေဖြင့်ဆေးကာ သန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်ကြသည်။

အမ်းအင်အေ၊ ဆင်ဟွာ။

ပြည်တွင်းရေး မငြိမ်မသက်ဖြစ်စေရန် မီးထိုးပေးနေသည်ဟု ပြည်ပအုပ်စုများအား ကာဂျစ်စတန်သမ္မတ ဝေဖန်

ဘစ်ရှ်ကက် မေ ၂၀

အာရှ အလယ်ပိုင်းဒေသရှိ ဆင်းရဲနွမ်းပါးသည့် ကာဂျစ်စတန်နိုင်ငံတွင် မတည်မငြိမ် ဖြစ်စေရန်အတွက် ပြည်ပအုပ်စုများက သွေးထိုးပေးလျက်ရှိနေကြောင်း သမ္မတ ကာမန်ဘက်ဘာကီယက်က ဗုဒ္ဓဟူးနေ့တွင် စွပ်စွဲပြောကြားလိုက်သည်။

ပြည်ပအုပ်စုများသည်ကာဂျစ်စတန်နိုင်ငံကို ၎င်းတို့၏ အကျိုးနှင့်ယှဉ်၍ ဝင်ရောက်ခြယ်လှယ်ရန် ကြိုးပမ်းနေကြသည်ဟုသမ္မတဘာကီယက်ကပြောကြားခဲ့သည်။၎င်းကကာဂျစ်နိုင်ငံရှိအမေရိကန် စစ်ဘက် အခြေစိုက်စခန်းကို ပိတ်ပင်ရန် ခြိမ်းခြောက်ပြောကြားပြီးနောက်ယင်းသို့ ဆက်လက်ပြောကြားခြင်းဖြစ်သည်။

ပြည်ပအုပ်စုများသည် ကာဂျစ်စတန်ကို ၎င်းတို့အကျိုးအမြတ်အတွက် အသုံးချလိုသည့်နယ်မြေပိုင်နက်ဟု အမြင်ရှိနေကြသည်ဟု ၎င်းက အတိုက်အခံခေါင်းဆောင်များကို ပြောကြားသည်။

ထိုပြည်ပအုပ်စုများက မိမိတို့ကို စီးပွားရေးအရဖွံ့ဖြိုးစေရန် မလိုလားကြကြောင်း၊ ၎င်းတို့က မိမိတို့ နိုင်ငံကို ဆက်လက် အသုံးချလိုကြကြောင်း၊ ၎င်းတို့၏ ဩဇာတိက္ကမ အောက်မရောက်ရှိရန် မိမိတို့ ကြိုးပမ်းရမည်ဟု သမ္မတကဆက်လက်ပြောကြားသည်။

ပြည်ပအုပ်စုများက ၎င်းတို့၏ အုပ်ချုပ်မှုပြိုကွဲပျက်စီးစေရန် ကြိုးပမ်းနေသည်ဟု ဥဇဘက်ကစ္စတန်၊ဘီလာရုစ်နှင့် အခြားဆိုဗီယက်ပြည်ထောင်စုနိုင်ငံများမှတာဝန်ရှိပုဂ္ဂိုလ်များကို နာမည်ဖော်ထုတ်မှုမရှိဘဲ စွပ်စွဲပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ကာဂျစ်စတန်နိုင်ငံ မြို့တော် ဘစ်ရှ်ကက်၌ နှစ်သစ်ကူးရိုးရာပွဲဆင်နွှဲရန် ပြင်ဆင်နေကြသော ကာဂျစ်လုပျိုဖြူများကို မေ ၂၀ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဂျကာတာတွင် ရထားနှင့်ကားတိုက်မိ ကိုးဦးသေဆုံး

ဂျကာတာ မေ ၂၀

လျှပ်စစ်ရထားတစ်စင်းနှင့်ခရီးသည်တင်ဘတ်စ်ကားတစ်စီးတို့မေ ၁၈ ရက်က ဂျကာတာမြို့ တွင် တိုက်မိကြရာ လူကိုးဦးအသက်ဆုံးရှုံးပြီး အများအပြား ဒဏ်ရာရရှိသွားသည်။ရထားလမ်းနှင့် ကားလမ်းတို့တစ်ခုနှင့်တစ်ခု ဖြတ်ကျော်သွားသောနေရာတွင် ဘတ်စ်ကားသည် ရထားလမ်းပေါ်အရောက်၌ ရှေ့မှကားခံနေသဖြင့် ဆက်၍ မမောင်းနိုင်တော့ဘဲ ရှေ့မတိုးသာနောက်မဆုတ်သာ ဖြစ်နေသည်။ ထိုအချိန်တွင် ရထားရောက်လာသည့်အတွက် တိုက်မိခြင်းဖြစ်ကြောင်း မျက်မြင်တွေ့သူများက ပြောကြားသည်။

သေဆုံးဒဏ်ရာရရှိသူအားလုံးမှာ ဘတ်စ်ကားပေါ်မှ ခရီးသည်များသာဖြစ်ကြောင်း နိုင်ငံပိုင် ပီတီကီရီတာအာပီ ရထားကုမ္ပဏီမှ ပြောရေးဆိုခွင့်ရှိသူ အာမက်ဆူဂျာဒီက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

နယူးယောက်မြို့တွင် လျှပ်စစ်ရထားချို့ယွင်း ပိတ်မိနေသူများကို ရဲတပ်ဖွဲ့က ကယ်ဆယ်ခဲ့ရ

နယူးယောက် ဧပြီ ၂၀

အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင် လျှပ်စစ်ဓာတ်အားချို့ယွင်းမှု သို့တည်းမဟုတ် စက်မှုဆိုင်ရာ ပြဿနာကြောင့် လူစီးဓာတ်ရထားများ အသွားအလာရပ်ဆိုင်းခဲ့ပြီး ခရီးသည်များရာချီ၍ ဓာတ်ရထားတွဲများအတွင်းတွင် ပိတ်မိနေခဲ့ကြရာ နယူးယောက်ရဲတပ်ဖွဲ့က ညလုံးပေါက်ကယ်ဆယ်ရေးလုပ်ငန်းများကို ဗုဒ္ဓဟူးနေ့တွင် ပြုလုပ်ခဲ့ရသည်။

ကောင်းကင်ကြိုးတွင် တပ်ဆင်ထားသည့် အဆိုပါ ဓာတ်ရထားတွဲ တစ်ခုသည် ခရီးသည် ၂၂ ဦးနှင့်အတူ အသွားအလာရပ်ဆိုင်းခဲ့ရပြီး အခြားတစ်ခုမှာလည်း ခရီးသည်၄၇ဦးနှင့်အတူ မြို့၏ အရှေ့ပိုင်းမြစ်ပေါ်တွင် တိုးလိုးတန်းလန်းဖြစ်လျက် ရှိနေကြောင်း၊ ယင်းဖြစ်ရပ်သည် အင်္ဂါနေ့ ညနေ ၅ နာရီ ၂၂ မိနစ်က ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး စက်ချို့ယွင်းမှု သို့တည်းမဟုတ် လျှပ်စစ်ဓာတ်အား ချို့ယွင်းမှုကြောင့် ရပ်ဆိုင်းခဲ့ရခြင်းဖြစ်သည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။ ထို့နောက် လျှပ်စစ်ဓာတ်အားပေးစက် အကူအညီဖြင့် အဆိုပါပြဿနာကို ဖြေရှင်းခဲ့ရပြီး ရဲတပ်ဖွဲ့က ကယ်ဆယ်ရေးလုပ်ငန်းများ စတင် ဆောင်ရွက်ခဲ့ရခြင်းဖြစ်သည်ဟု ရဲတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ မာတင် စပိချ်လေက ပြောကြားသည်။ ဗုဒ္ဓဟူးနေ့ စောစောပိုင်းတွင် မြစ်ပေါ်တွင် တိုးလိုးတန်းလန်းဖြစ်လျက်ကောင်းကင်ဓာတ်ရထားတွဲမှ ခရီးသည်များကို ကယ်ဆယ်နိုင်ခဲ့သည်။

ယင်းပြဿနာကြောင့် လူတစ်ဦးတစ်ယောက်မျှ ထိခိုက်ဒဏ်ရာမရရှိကြောင်း၊ ၎င်းတို့အား စားသောက်ဖွယ်ရာများ ဖြန့်ဝေပေးခဲ့ကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ဝါရှင်တန်တောင်ပေါ်တွင် ရေခဲနေသော မြင်ကွင်းကို ဧပြီ ၂၀ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တောင်အာဖရိက ငါးနိုင်ငံ အကောက်ခွန်အဖွဲ့ အမေရိကန်နှင့် ဆွေးနွေးမှု မအောင်မြင်

ဂျိုဟန်နက်စဘတ် ဧပြီ ၂၀

အမေရိကန်အစိုးရနှင့် တောင်အာဖရိက ငါးနိုင်ငံ အကောက်ခွန်အဖွဲ့ (အက်စ်အေစီယူ)သည် ပရီတိုးရီးယားမြို့၌ ဧပြီ ၁၇ ရက်တွင် လွတ်လပ်စွာကုန်သွယ်ရေးအတွက် တစ်ရက်တာ ဆွေးနွေးပွဲပြုလုပ်ခဲ့သည်။ ထိုဆွေးနွေးပွဲကျင်းပပြုလုပ်ခဲ့သော်လည်း သဘောတူညီမှုမရရှိခဲ့ကြောင်း သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

သို့သော် ထိုဆွေးနွေးပွဲအရ အနာဂတ်ဆွေးနွေးပွဲများအတွက် လုပ်ငန်းဘောင်တစ်ရပ်ကို ၎င်းအဖွဲ့များက သဘောတူညီခဲ့ကြသည်။ ညှိနှိုင်းမှုအခြေအနေအချို့ကို အမေရိကန်ဘက်မှ အလျှော့ပေးမှုမရှိလျှင် လွတ်လပ်စွာ ကုန်သွယ်ရေးသည် အိပ်မက်ပင်မက်၍ရတော့မည်မဟုတ်ကြောင်း အကြံပေးသမားများက သတိပေးပြောကြားခဲ့သည်။ ဆွေးနွေးပွဲ၌ အမေရိကန်အစိုးရ၏ တောင်းဆိုချက်များသည် အမှန်တကယ်ဖြစ်လာနိုင်ဖွယ် မရှိကြောင်း တောင်အာဖရိကအသံလွှင့်ဌာန (အက်စ်အေဘီစီ)က ထုတ်လွှင့်ဖော်ပြခဲ့သည်။

မူပိုင်ခွင့်များ၊ အစိုးရချင်း ဝယ်ယူမှုဆိုင်ရာ ရပိုင်ခွင့်နှင့် ရင်းနှီးမြှုပ်နှံခွင့်တို့ကို အမေရိကန်အစိုးရ၏ ကုန်သွယ်ရေး ဒုတိယညွှန်ကြားရေးမှူး ကာရန်ဘရာတီယာက တောင်းဆိုခဲ့သည်။ အက်စ်အေစီယူအတွက် အခက်အခဲကျော်လွှားနိုင်ရန် အမေရိကန်အစိုးရ၏ ထိုတောင်းဆိုချက်များကို လျှော့ချရမည်ဖြစ်ကြောင်း အက်စ်အေဘီစီက ပြောကြားခဲ့သည်။ အက်စ်အေစီယူအဖွဲ့တွင် တောင်အာဖရိက၊ နမီးဘီးယား၊ လီဆိုသို၊ ဘော့ဆွာနာနှင့် ဆွာဇီလန်နိုင်ငံတို့ ပါဝင်သည်။ ထိုဒေသများသည် ကုန်သွယ်ရေးကိစ္စများတွင် အမေရိကန်နှင့် များများစားစား ကုန်သွယ်မှုမရှိခဲ့ကြောင်း ဖော်ပြခဲ့သည်။ အဆိုပါ ငါးနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့သည် ကုန်သွယ်ရေး သဘောတူညီမှု ပုံမှန်ဆွေးနွေးပွဲများကို ၂၀၀၃ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပြီး တိုးတက်မှုအနည်းငယ်သာ ဆောင်ရွက်နိုင်ခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

ကာရစ်ဘီယံပင်လယ်တွင် ကန်စစ်သင်္ဘောများ ဖြန့်ကြက်မှု ဗင်နီဇွဲလား သမ္မတ ချာဗက်ဇ် ဝေဖန်

ကရာကတ်စ်(ဗင်နီဇွဲလား) ဧပြီ ၂၀

အမေရိကန်စစ်သင်္ဘောများကို ကာရစ်ဘီယံပင်လယ်သို့ ဖြန့်ကြက်ထားခြင်းသည် ဗင်နီဇွဲလားနှင့် ယင်း၏ မိတ်ဆွေနိုင်ငံ ကျူးဘားနိုင်ငံတို့အတွက် ခြိမ်းခြောက်နေသည့် အန္တရာယ်တစ်ရပ်ဖြစ်နေကြောင်း ဗင်နီဇွဲလား သမ္မတ ဟူဂိုချာဗက်ဇ်က အင်္ဂါနေ့တွင် ပြောကြားလိုက်သည်။

လေယာဉ်တင်သင်္ဘောတစ်စင်း၊ သင်္ဘောသား ၆၅၀၀ တို့ အပါအဝင် အမေရိကန်စစ်သင်္ဘော လေးစင်းကို ကာရစ်ဘီယံပင်လယ်သို့ နှစ်လတာကာလအတွင်း ဖြန့်ကြက်ထားခဲ့ခြင်းဖြစ်သည်ဟု ၎င်းက ပြောကြားသည်။

အဆိုပါ သင်္ဘောများသည် ယင်းဒေသတွင် စစ်ရေးလေ့ကျင့်မှုပြုလုပ်ကြရာ ခြိမ်းခြောက်မှုအန္တရာယ်တစ်ရပ်ဖွယ်ဖြစ်ပြီး ဗင်နီဇွဲလားနှင့် ကျူးဘားနိုင်ငံတို့ကိုပါ ဆန့်ကျင်နေခြင်းသာဖြစ်ကြောင်း ချာဗက်ဇ်က ကျောင်းသားများနှင့်ပြုလုပ်သည့် အစည်းအဝေးတစ်ခုတွင် မိန့်ခွန်းပြောကြားခဲ့သည်။

ခြိမ်းခြောက်

အမေရိကန်အစိုးရက ဗင်နီဇွဲလားနိုင်ငံအတွင်း ဝင်ရောက်တိုက်ခိုက်ရန် စီစဉ်နေသည်ဟု စွပ်စွဲပြောကြားပြီးနောက် အရပ်သားများကို အရန်တပ်ဖွဲ့အင်အားအဖြစ် စုဆောင်းခဲ့သည်။ ချာဗက်ဇ်က အမေရိကန်တပ်ဖွဲ့ဝင်များကို အဆိပ်လူးမြားဖြင့် ပစ်ခတ်တွန်းလှန်မည်ဟု ခြိမ်းခြောက်ပြောကြားခဲ့သည်။

အမေရိကန် စစ်သင်္ဘောတစ်စင်းထက်မနည်းသည် ဗင်နီဇွဲလားနိုင်ငံအနီးသို့ ချဉ်းကပ်လာနေပြီး အရူဘာကျွန်းမှ ၁၅ မိုင်ကွာနေရာသို့ ရောက်ရှိနေပြီဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

အန္တာတိတ်ရေခဲပြင်ဒေသ လေ့လာရေးသင်္ဘော လောရင့်စ်အမ်ဂေါလ်ကို ပီရူးနိုင်ငံအနီး ရေပြင်၌ ဧပြီ ၂၀ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကွန်ဂိုနိုင်ငံ ရေအိုင်တွင် ကူးတို့သင်္ဘော နစ်မြုပ် လူ ၂၀ ထက်မနည်း သေဆုံး

ဘူဂျမ်ဘူရာ ဧပြီ ၂၀

ခရီးသည် ၁၆၀ နှင့်ကုန်ပစ္စည်းများ တင်ဆောင်လာသည့် ကူးတို့သင်္ဘောတစ်စင်း အရှေ့အာဖရိကဒေသရှိ တန်ဂါနီကာရေအိုင်ကြီးတွင် လွန်ခဲ့သည့် ရက်သတ္တပတ်က နစ်မြုပ်ခဲ့ရာ လူ ၂၀ ထက်မနည်း သေဆုံးခဲ့ကြောင်း ကွန်ဂိုပြည်နယ် အုပ်ချုပ်ရေးမှူးက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

၎င်းခရီးသည်များသည် ကွန်ဂိုနိုင်ငံ အရှေ့ပိုင်းရှိ ဖီဇီဒေသမှ ယူဗီရာမြို့သို့ အဆိုပါကူးတို့သင်္ဘော စီးလာရာတွင် လေပြင်းတိုက်ခတ်မှုကြောင့် တနင်္ဂနွေနေ့ ညနေပိုင်းက နစ်မြုပ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါဖြစ်ရပ်သည် ဖီဇီပိုင်နက်တွင် ဖြစ်ပွားခဲ့ကြောင်း၊ လူ ၂၀ သေဆုံးပြီး လူအချို့ ပျောက်ဆုံးနေကြောင်း၊ သတင်းရရှိကြောင်း ဖော်ပြပါအုပ်ချုပ်ရေးမှူး ဒီယိုဂရက်တီယာက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။ အသက်မသေ ကျန်ရှိနေသူများကို ဆက်လက်ရှာဖွေနေသည်ဟု ၎င်းက ဖြည့်စွက်ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ပီရူးနိုင်ငံရှိ မီးတောင်မှ ပြာပူနှင့် မီးခိုးများမှုတ်ထုတ်

လီမာ (ပီရူး) ဧပြီ ၂၀

ပီရူးနိုင်ငံ တောင်ပိုင်းဒေသရှိ မီးတောင်တစ်လုံးမှ ပြာနှင့်မီးခိုးများ လေထဲသို့ ပေ ၂၆၀၀ (မီတာ ၈၀၀)မှုတ်ထုတ်ခဲ့ပြီးနောက် ယင်းဒေသမှ လယ်ယာစိုက်ပျိုးလုပ်ကိုင်သူများကို ဘေးကင်းရာသို့ရွှေ့ပြောင်းကြရန် တာဝန်ရှိပုဂ္ဂိုလ်များက အင်္ဂါနေ့တွင် တိုက်တွန်းနှိုးဆော်သည်။ သို့ရာတွင် ဒေသခံများမှာ ယင်းဒေသမှ ထွက်ခွာရန် စိတ်အားထက်သန်မှုမရှိကြပေ။

မီးတောင်မှ ဓာတ်ငွေ့နှင့်ရေနွေးငွေ့များမှုတ်ထုတ်မှုကြောင့် အဝါရောင်အဆင့်အဖြစ် ဘေးအန္တရာယ်အဆင့်ကို သတ်မှတ်ထားခဲ့သည်ဟု ဘူမိရူပဌာနမှ အကြီးအကဲ အာမန်နိုမီနာယက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

ဖြန့်ဝေပေး

ပြည်သူ့ကာကွယ်ရေးဌာနက ကာရာပီမြို့သူ မြို့သားများသို့ ဓာတ်ငွေ့ကာ မျက်နှာဖုံးစွပ်ငယ်များ ဖြန့်ဝေပေးခဲ့သည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။ အဆိုပါ မီးတောင်သည် ၁၉၆၉ ခုနှစ်နောက်ပိုင်းမှစ၍ လှုပ်ရှားမှုမရှိခဲ့ပေ။

မေတ္တာရပ်ခံ

မီးတောင်အနီးသုံးမိုင်ကွာရှိ ကာရာပီမြို့မှ စိုက်ပျိုးရေးလုပ်ကိုင်သူအိမ်ထောင်စု ၄၂ စုတို့ကို ဘေးကင်းရာသို့ ရွှေ့ပြောင်းရန် မေတ္တာရပ်ခံနေကြသည်။ သို့ရာတွင် ၎င်းတို့က ယင်းနေရာမှမထွက်ခွာလိုကြဟု မီနာယက ပြောကြားသည်။

ယင်းမီးတောင်မှ ပြာပူနှင့် ဓာတ်ငွေ့များမှုတ်ထုတ်မှုကြောင့် စိုက်ခင်းများနှင့် ရေအရင်းအမြစ်များ ထိခိုက်ပျက်စီးမှုရှိသည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ပီရူးနိုင်ငံ မြို့တော် လီမာ အရှေ့တောင်ဘက် မိုင် ၄၇၀အကွာရှိ အူဘီးနက်စ်မီးတောင်မှ ပြာနှင့် အခိုးအငွေ့များ မှုတ်ထုတ်နေသည်ကို ဧပြီ ၁၉ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကြေးမုံ The Mirror နိုင်ငံတကာသတင်းများ

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို ကရင်ပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၂၁

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် အဖွဲ့ဝင်များ လိုက်ပါလျက် ဧပြီ ၁၉ ရက် နံနက်ပိုင်းတွင် ကရင်ပြည်နယ် ဘားအံမြို့နယ် တရုတ်လှစံပြကျေးရွာ၏ နွေစပါးရိတ်သိမ်းပွဲအခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ ရှင်းလင်းဆောင်၌ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုအား ပြည်နယ်မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးကျော်သိန်းက ပြည်နယ်အတွင်း နွေစပါး စိုက်ပျိုးရန်လျာထားဧက ၁၅၀၀၀၀ အနက် စိုက်ပျိုးပြီး ၁၁၂၅၅၆ ဧကနှင့် ဆက်လက်စိုက်ပျိုးမှု အခြေအနေများကို ရှင်းလင်း တင်ပြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက ပြည်နယ်အတွင်း ၂၀၀၆-၂၀၀၇ ခုနှစ် မိုးစပါးစိုက်ကေါပ်သိန်းနှင့် နွေစပါးဧက ၁ ဒသမ ၅ သိန်းပြည့်မီစေရန် ကြိုးပမ်းစိုက်ပျိုးရေး၊ မိုးစပါး၊ နွေစပါးများကို မျိုးကောင်းမျိုးသန့် အထွက်ကောင်းမျိုးစပါးများ စိုက်ပျိုးရေးနှင့် ကြက်ဆူပင် စိုက်ပျိုးရေးတို့နှင့် စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းမှာကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကြည့်ရှုအားပေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် တရုတ်လှကွင်းရှိ ကော့ကျိုက်ကျေးရွာမှ ဦးမောင်မဲ၏ လယ်မြေလေးဧက၌ ဆင်းသွယ်လတ် မျိုးစပါးများ စိုက်ပျိုးထားရှိမှုနှင့် စက်ဖြင့် နွေစပါး ရိတ်သိမ်းခြွေလှေ့မှုများကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ဒုတိယ ဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် တရုတ်လှ စံပြကျေးရွာရှိ ဝင်းသူဇာ အရောင်းဆိုင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တရုတ်လှ စံပြကျေးရွာမှ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များနှင့် ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ယင်းနောက် ဒုတိယ ဗိုလ်ချုပ်ကြီး မောင်ဘိုသည် တရုတ်လှစံပြကျေးရွာ တိုက်နယ်ဆေးရုံသို့ ရောက်ရှိပြီး တိုက်နယ်ဆရာဝန်နှင့် ကျန်းမာရေး ဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးပြီး ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် တရုတ်လှ စံပြကျေးရွာမှ တောင်သူ ဦးတင်မျိုးဦး၏ ကြက်ဟင်းခါး၊ ခဝဲ၊ ဘူးသီးနှစ်ဧက စိုက်ခင်းသို့လည်းကောင်း၊ တောင်သူ ဦးမျိုးကြည်၏ ပဲတောင့်ရှည်၊ ပြောင်းနှင့် သီးနှံစုံသုံးဧက စိုက်ခင်းသို့လည်းကောင်း လှည့်လည်ကြည့်ရှုအားပေးသည်။

ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ် ထီးလုံကျေးရွာ အနီး၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၆)က တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ရေဘုတ်ရေလှောင်တမံ စီမံကိန်းသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုအား ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၆) ညွှန်ကြားရေးမှူး ဦးလှမြင့်က ရေဘုတ်ရေလှောင်တမံစီမံကိန်းဆိုင်ရာ အချက်အလက်များနှင့် တည်ဆောက်ပြီးစီးပါကရေလှောင်ပမာဏဧကပေ ၃၃၀၀၀ ရှိ၍ မိုးစပါးနှင့် နွေစပါးဧက ၃၀၀၀ကို စိုက်ပျိုးရေပေးဝေနိုင်မည့်အပြင် ဒေသအတွင်း သောက်သုံးရေကို ဖြန့်ဝေပေးနိုင်မည့် အခြေအနေများကို ရှင်းလင်း တင်ပြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့်ကရင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ခင်ကြူးတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းမှာကြားကာစီမံကိန်းလုပ်ငန်းခွင်အတွင်း စက်ယန္တရားများဖြင့်လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်း ဥဘတ်၌ ဧပြီ၂၀ရက်က ကျင်းပခဲ့သည့် အာဆီယံနိုင်ငံခြားရေး ဝန်ကြီးများအစည်းအဝေးသို့ တက်ရောက်သော အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများအားအစည်းအဝေးအပြီးတွင် တွေ့ရစဉ်။

(သတင်းစဉ်)

ဓမ္မဒူတတောရ လစဉ်တရားစခန်း

ရန်ကုန် ဧပြီ ၂၁

ပဲခူးမြို့ ဆယ်မိုင်ကုန်း ဂေါက်ကွင်း အနီး ဓမ္မဒူတတောရကျောင်းတွင် လစဉ် အထူးတရားစခန်း ဖွင့်လှစ်လျက်ရှိရာ ဓမ္မဒူတဆရာတော် ဒေါက်တာအရှင် ပညိဿရက မေ ၁ရက်မှ ၇ ရက်အထိ တရားပြသမည်ဖြစ်သည်။

တရားစခန်းဝင်ရောက်မည့် ယောဂီများ ဧပြီ ၂၇ ရက် နောက်ဆုံးထား၍ ဖုန်း-၀၅၂-၂၄၅၅၀ နှင့် ၀၉၅၀၁၇၂၉၄ တို့သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။

(က-ပ)

၁၉၈၁ခုနှစ် မန္တလေးဆေးတက္ကသိုလ်ဝင်ခွင့်ရ ကျောင်းသား၊ကျောင်းသူများ ဆရာကန်တော့ပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၂၁

၁၉၈၁ခုနှစ် မတ် ၄ရက်တွင် မန္တလေးဆေးတက္ကသိုလ်ဝင်ခွင့်ရ၍ မန္တလေးတွင်ဘွဲ့ရခဲ့သော ကျောင်းသား၊ကျောင်းသူများ၏ ပထမအကြိမ် ဆရာကန်တော့ပွဲကို ဧပြီ ၃၀ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီမှ၁၁နာရီအထိ မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေး)၌လည်းကောင်း၊ သူငယ်ချင်းများ တွေ့ဆုံပွဲကို ယင်းနေ့ညနေ ၆နာရီမှ ည ၉နာရီအထိ Oriental House စားသောက်ဆိုင်၌လည်းကောင်း ကျင်းပမည်ဖြစ်သည်။ (သတင်းစဉ်)

အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အလွတ်သဘော အစည်းအဝေးမှ ဝန်ကြီး ဦးဉာဏ်ဝင်းပြန်လည်ရောက်ရှိ

ရန်ကုန် ဧပြီ ၂၁

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းသည် ဧပြီ ၁၉ရက်မှ ၂၀ရက်အထိ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဘာလီကျွန်းဥဘတ်၌ ကျင်းပခဲ့သော အာဆီယံ နိုင်ငံခြားရေး ဝန်ကြီးများ၏ အလွတ်သဘော အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီးနောက် ယနေ့ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းအား ရှေ့နေချုပ် ဦးအေးမောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမောင်မြင့်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံသံအမတ်ကြီး Mr. Wyoso Prodjowarsito နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိ ပုဂ္ဂိုလ်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်လင်းနှင့် အာဆီယံရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ထူးတို့လည်း ပြန်လည် လိုက်ပါလာကြသည်။

(သတင်းစဉ်)

ဧပြီ ၂၁ရက်က ဒုတိယမြောက် အယ်လီဇဘက်ဘုရင်မကြီးမွေးနေ့အထိမ်းအမှတ်ဧည့်ခံပွဲသို့ တက်ရောက်လာသော နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမောင်မြင့်နှင့်ဇနီးတို့အား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဗြိတိန်သံအမတ်ကြီး Ms. Vicky Bowman **ကြိုဆိုနှုတ်ဆက်စဉ်။** (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၂-၄-၂၀၀၆ (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
- ၇:၁၅ ၄။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ **ဆရာတော်ဦးဃောသိတတရားတော် -ဓမ္မာနုပဿနာသတိပဋ္ဌာန်**
- ၉:၁၀ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၉:၁၁ ၁၂။ ပြီးပါပြီ။

နေ့လယ်ပိုင်း

- ၁၂:၀၀ ၁။ မြဝတီအဖွင့်
- ၁၂:၀၅ ၂။ အဖွင့်သီချင်း
- ၁၂:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၂:၁၅ ၄။ မေးမြန်းစူးစမ်း
- ၁၂:၃၅ ၅။ သာယာသီကြွေးခေတ်ဆန်းတေး
- ၁၂:၅၀ ၆။ **မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် "ကျွန်တော့်မိတ်ဆွေ" (အပိုင်း-၁)**
- ၁:၅၀ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁:၅၉ ၈။ အပိတ်နှုတ်ဆက်စကား
- ၂:၀၀ ၉။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
- ၄:၁၅ ၄။ ချစ်သူစုံတွဲတူယှဉ်နွဲ့
- ၄:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၄:၄၅ ၆။ မျိုးချစ်တပ်မတော်
- ၅:၁၅ ၇။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
- ၅:၃၀ ၈။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
- ၅:၅၀ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၂။ မိုးလေဝသသတင်း
- ၆:၂၅ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၀ ၁၄။ အံ့သြဖွယ်ရာ ဆပ်ကပ်ပညာ
- ၆:၄၀ ၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇:၀၀ ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မေတ္တာသည်သာ" (အပိုင်း-၈)**
- ၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၉။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ပါရမီရှင်သိုင်းလုလင် (အပိုင်း-၃၄)**
- .... ၂၁။ သင့်အတွက်မနက်ဖြန်
- ၂၂။ အပိတ်နှုတ်ဆက်စကား
- ၂၃။ ပြီးပါပြီ။

လက်ခံရယူ

ဧပြီ ၂၁ ရက်က ရန်ကုန် တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ်ရေးကူညီမှုအဖွဲ့သို့ ကျောက်တန်းမြို့၊ လမ်းမတော်လမ်း၊ အနောက်ပိုင်းရပ်ကွက်နေ ဦးသန်းထွန်း-ဒေါ်ရီရီပြုံး မိသားစုနှင့် မိတ်ဆွေများ လှူဒါန်းသည့်ငွေကျပ် ၅၇၅၀၀၀ ကို ပေးအပ်လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဦးကျင်ဝမ်းနှင့် အမှုဆောင်များ လက်ခံရယူစဉ်။ (၁၁၄)

မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း မြို့တော် သန့်ရှင်းရေးနှင့်လမ်းတံတားလုပ်ငန်းများ စစ်ဆေး

ရန်ကုန် ဧပြီ ၂၁

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများလိုက်ပါ၍ ရန်ကုန်မြို့တော် အဆင့်မြင့်ရေး၊ သန့်ရှင်းသာယာ လှပရေးနှင့် ယာဉ်သွားလာမှု လွယ်ကူချောမွေ့စေရေးတို့အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ၊ အင်ဂျင်နီယာဌာန(လမ်းတံတား)က တာဝန်ယူဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာလုပ်ငန်းတာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။

ရှေးဦးစွာ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် နံနက် ၆နာရီခွဲတွင် ရန်ကုန်အရှေ့ပိုင်း ခရိုင်၊ တာမွေမြို့နယ်၊ အနောက်မြင်းပြိုင်ကွင်းလမ်းသို့ရောက်ရှိရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးအောင်သန်းဝင်း၊ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)ဌာနမှူး ဦးဗိုလ်ဌေးနှင့် တာဝန်ရှိသူများက အနောက်မြင်းပြိုင်ကွင်း လမ်းမကြီးကို အဆင့်မြင့်စေရန်၊ ယာဉ်သွားလာမှု လွယ်ကူချောမွေ့စေရန်အတွက် စက်ယန္တရားကြီးများဖြင့်ကွန်ကရစ်ကတ္တရာ ထပ်ပိုး ခင်းကျင်းပြီးစီးမှု အပိုင်းနှင့် ဆက်လက်ခင်းကျင်းနေမှုအခြေအနေများကို လိုက်လံ ရှင်းလင်းပြသကြသည်။

ဖြည့်ဆည်းပံ့ပိုး

ဆက်လက်၍ မြို့တော်ဝန်သည် တွဲဖက်အတွင်းရေးမှူး၊ ဌာနမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ တာမွေမြို့နယ် ကျိုက္ကဆံလမ်းမှစတင်၍ နတ်ချောင်း ချောင်း ရေစီးရေလာကောင်းမွန်စေရန် ငမိုးရိပ်ချောင်းအဝင်အထိ အမှိုက်များ၊ ခဲ၊သဲနှင့် နုန်းများ ဆယ်ယူရှင်းလင်းနေမှုအခြေအနေများကိုလည်းကောင်း**(အပေါ်ပုံ)**၊ ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်းဆုံမှ စတင်ကာ အနောက်ရွှေဂုံတိုင် လမ်းမကြီးတစ်လျှောက် ဝဲ/ယာ ရေနုတ်မြောင်းများ ရေစီးကောင်းမွန်စေရန် အမှိုက်များ၊ နုန်းများ ဆယ်ယူရှင်းလင်းနေမှုနှင့် ဗဟန်းမြို့နယ်အတွင်းရှိ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်ပြည်သူများ စုပေါင်းကာ အမှိုက်လှဲခြင်း၊ ချုံနွယ်၊မြက်များခုတ်ထွင်ရှင်းလင်းနေမှုအခြေအနေများကို လည်းကောင်း၊ ဒဂုံမြို့နယ် အလုံလမ်း မြောက်ဘက်ခြမ်း တစ်လျှောက် စက်ယန္တရားကြီးများဖြင့် ကွန်ကရစ် ကတ္တရာထပ်ပိုး ခင်းကျင်းနေမှု အခြေအနေများကိုလည်းကောင်း၊ ကြည့်မြင်တိုင်မြို့နယ် ကမ်းနားလမ်းကို စက်ယန္တရားကြီးများဖြင့် အဆင့်မြင့်ခြောက်လမ်းသွား ကွန်ကရစ် ကတ္တရာ ထပ်ပိုးခင်းကျင်းနေမှု အခြေအနေများကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးကြပြီး သက်ဆိုင်ရာလုပ်ငန်းတာဝန်ရှိသူများအား သတ်မှတ်အရည်အသွေးများပြည့်မီစေရန် စနစ်တကျဖြင့် စံချိန်စံညွှန်း ပြည့်ဝစေရေးအတွက် တာဝန်ရှိသူ အဆင့်ဆင့်က စနစ်တကျကြပ်မတ်ကွပ်ကဲဆောင်ရွက်ရေး၊ အသုံးပြုပစ္စည်းများ လေလွင့်မှု မရှိစေရေး၊ မိမိတာဝန်ယူ ဆောင်ရွက်ရသည့် လုပ်ငန်းအပေါ် စေတနာအပြည့်အဝထား၍ အကောင်းဆုံးဖြစ်စေရန် ကြိုးပမ်း ဆောင်ရွက်ရေးမှာကြားပြီး တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းပံ့ပိုးပေးသည်။ (၁၉)

နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများကို ဈေးပြိုင်စနစ်ဖြင့် အပြီးအပြတ်ရောင်းချမည်

ရန်ကုန် ဧပြီ ၂၁

ရခိုင်ပြည်နယ်အတွင်းရှိ အောက်ဖော်ပြပါ နိုင်ငံပိုင်ဆန်စက်(၁၁)စက်နှင့် ဖွဲနုဆီစက်(၁)စက်တို့ကို ဈေးပြိုင်စနစ်ဖြင့် အပြီးအပြတ် ရောင်းချမည်ဖြစ်သည်–

စဉ်	ဆန်စက်အမည်နှင့်တည်နေရာ	ကြမ်းခင်းဈေး(ကျပ်သိန်း)
၁။	ဆန်စက်အမှတ်(၀၃၅) ရွှေဈေးကျေးရွာ၊ မောင်တောမြို့	၆၃ဒသမ၁၉၁
၂။	ဆန်စက်အမှတ်(၀၇၁) မြို့သစ်ရပ်ကွက်၊ မာန်အောင်မြို့	၁ဒသမ၁၂၃
၃။	ဆန်စက်အမှတ်(၀၃၉) ကင်းမော်ရပ်ကွက်၊ သံတွဲမြို့	၃ဒသမ၆၆၁
၄။	ဆန်စက်အမှတ်(၀၆၃) ပိုက်သည်ရပ်ကွက်၊ ကျောက်တော်မြို့	၃၉ဒသမ၅၃၉
၅။	ဆန်စက်အမှတ်(၀၇၂) မြို့သစ်ရပ်ကွက်၊ မြောက်ဦးမြို့ (မြေနှင့်အဆောက်အအုံမပါ၊ စက်နှင့်စက်ကိရိယာပစ္စည်းသာ)	၀ဒသမ၂၅၃
၆။	ဆန်စက်အမှတ်(၀၃၈) င/လပွေရပ်ကွက်၊ ကျောက်ဖြူမြို့	၁၇ဒသမ၆၈၅
၇။	ဆန်စက်အမှတ်(၀၃၆) တပ်ရာရွာ၊ ဘူးသီးတောင်မြို့	၅၉ဒသမ၅၅၇
၈။	ဆန်စက်အမှတ်(၀၅၁) ကင်းရုံးရပ်ကွက်၊ ဂွမြို့	၁၇ဒသမ၈၅၄
၉။	ဆန်စက်အမှတ်(၀၀၃) မင်းဒရာချိတ်ရွာ၊ စစ်တွေမြို့	၂၉၁ဒသမ၇၅၇
၁၀။	ဆန်စက်အမှတ်(၀၀၂) ဆတ်ရိုးကျရွာ၊ စစ်တွေမြို့	၇၄ဒသမ၃၀၂
၁၁။	ဆန်စက်အမှတ်(၀၀၁) ဆတ်ရိုးကျရွာ၊ စစ်တွေမြို့	၉၀ဒသမ၆၆၀
၁၂။	ဖွဲနုဆီစက်အမှတ်(၀၆) ဆတ်ရိုးကျရွာ၊ စစ်တွေမြို့	၁၀၆ဒသမ၈၁၁

ဝယ်ယူလိုသူပုဂ္ဂိုလ်/အဖွဲ့အစည်းများသည်အဆိုပြုလွှာများကို၂၆–၄–၂၀၀၆ ရက်နေ့မှစ၍ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ရုံး(စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန၊ အမှတ် ၃၁၃၊ ဗိုလ်အောင်ကျော်လမ်း၊ ရန်ကုန်မြို့)တွင် ဝယ်ယူနိုင်ပါသည်။ ယင်းအဆိုပြုလွှာများကို ၂၆–၄–၂၀၀၆ရက်နေ့တွင် သာ တစ်ရက်တည်း နံနက် ၁၀နာရီမှညနေ ၄နာရီအတွင်း တင်သွင်းရမည်ဖြစ်သည်။

အပြီးအပြတ်ဝယ်ယူရန်အဆိုပြုထားသူများအနက် မူလပိုင်ရှင်သည် တိုင်းရင်းသားဖြစ်ပြီး အများဆုံး ဈေးနှုန်းပေးသူနှင့် တူညီစွာပေးနိုင်ပါက ဦးစားပေးစဉ်းစားမည်ဖြစ်သည်။ မူလပိုင်ရှင်ဖြစ်ကြောင်း ခိုင်လုံသောအထောက်အထား တင်ပြရမည်။ မူလပိုင်ရှင်မဟုတ်ပါက အများဆုံးပေးဝယ်မည့် တိုင်းရင်းသားများကို ဦးစားပေးမည်ဖြစ်သည်။

လျှောက်ထားသူများသည် သတ်မှတ်ထားသော ပုံစံတွင်ဖြည့်စွက်လျှောက်ထားရန်ဖြစ်ပြီး၊ အသေးစိတ် အချက်အလက်များကိုသိလိုပါက ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ရုံး(စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန၊ အမှတ်(၃၁၃)၊ဗိုလ်အောင်ကျော်လမ်း၊ ရန်ကုန်မြို့)၊တယ်လီဖုန်းအမှတ်–၂၄၅၅၁၆ သို့ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ကြောင်းသိရှိရသည်။ (သတင်းစဉ်)

ကြေးမုံ ထူးထူးခြားခြား အင်တာနက်သတင်း

လူလိုက်ပါသောအာကာသယာဉ် တရုတ်နိုင်ငံ ထပ်မံ လွှတ်တင်ရန်စီစဉ်

ပေကျင်း ဧပြီ ၂၁

တရုတ်နိုင်ငံ၏ တတိယမြောက် လူလိုက်ပါသော အာကာသယာဉ် အစီအစဉ်ကို ၂၀၀၈ခုနှစ်တွင် အကောင်အထည်ဖော်မည်ဖြစ်ကြောင်း ဧပြီ ၂၀ရက် အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

တရုတ်နိုင်ငံသည် ရှမ်းကျိုး–၇ အမည်ရှိ လူလိုက်ပါသော အာကာသယာဉ်လွှတ်တင်ရန် ကနဦးထုတ်ပြန်ကြေညာခဲ့သည်ထက် တစ်နှစ်နောက်ကျကာ အာကာသယာဉ်အစီအစဉ်ကို အကောင်အထည်ဖော်မည်ဖြစ်သည်။

ရှမ်းကျိုး–၇ အာကာသယာဉ်လွှတ်တင်မှုသည် တရုတ်နိုင်ငံ၏ လူလိုက်ပါသော အာကာသယာဉ် အစီအစဉ်၏ ဒုတိယအဆင့်ကို စတင်ခြင်းဖြစ်လိမ့်မည်ဖြစ်ကြောင်း ပေကျင်းတိုင်းမ်စ်သတင်းစာတွင် ရေးသားဖော်ပြထားသည်။



၂၀၀၅ခုနှစ် အောက်တိုဘာလအတွင်းက အာကာသသို့ တက်ရောက်ခဲ့ကြသော တရုတ်လူမျိုး အာကာသယာဉ်မှူး နှစ်ဦးကို တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

တရုတ်နိုင်ငံ၏ ဒုတိယမြောက် လူလိုက်ပါသည့် အာကာသယာဉ် အစီအစဉ်ကို ပြီးခဲ့သည့် အောက်တိုဘာလက အကောင်အထည်ဖော်ခဲ့သည်။ အဆိုပါအစီအစဉ်အရ အာကာသယာဉ်မှူးနှစ်ဦးသည် ဂြိုဟ်ပတ်လမ်းကြောင်းတွင် ငါးရက်တိုင်တိုင် နေထိုင်ခဲ့သည်။

တရုတ်နိုင်ငံ၏ ပထမဆုံးသော လူလိုက်ပါသော အာကာသယာဉ်ဖြစ်သည့် ရှမ်းကျိုး–၅ အာကာသယာဉ် အစီအစဉ်ကို ၂၀၀၅ခုနှစ် အောက်တိုဘာလတွင် အကောင်အထည်ဖော်နိုင်ခဲ့ရာ တရုတ်နိုင်ငံသည် ကမ္ဘာပေါ်တွင် ယခင်ဆိုဗီယက်ပြည်ထောင်စုနှင့် အမေရိကန်နိုင်ငံတို့ပြီးလျှင် အာကာသသို့ လူသား စေလွှတ်နိုင်သော တတိယမြောက်နိုင်ငံဖြစ်သည်။ ***အင်တာနက်။***

မြန်မာနိုင်ငံ အာဆီယံ အမျိုးသမီးများချစ်ကြည်ရေးအသင်းက ရွှေဂုံတိုင် ကလေးပြုစုရေးဌာနသို့ အလှူငွေများ ပေးအပ်လှူဒါန်း

ရန်ကုန် ဧပြီ ၂၁

မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများချစ်ကြည်ရေးအသင်းက ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ရွှေဂုံတိုင် ကလေးပြုစုရေးဌာနသို့ အလှူငွေများပေးအပ်လှူဒါန်းသည့် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ ကလေးပြုစုရေးဌာန၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ အာဆီယံ အမျိုးသမီးများ ချစ်ကြည်ရေးအသင်း နာယကအဖွဲ့ဝင်များ ဖြစ်ကြသော နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး၏ ဇနီး ဒေါ်မြင့်မြင့်စိုး၊ ဒုတိယဝန်ကြီး ဦးမောင်မြင့်၏ ဇနီး ဒေါက်တာဒေါ်ခင်မြဝင်း၊အလုပ်အမှုဆောင် အဖွဲ့ဝင်များ ဖြစ်ကြသော နိုင်ငံခြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၏ ဇနီးများ၊ အာဆီယံနိုင်ငံ သံရုံးများမှ သံအမတ်ကြီးများ၏ ဇနီးများ၊ လူမှုဝန်ထမ်းဦးစီးဌာနဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ထွန်းခိုင်နှင့် ရွှေဂုံတိုင် ကလေးပြုစုရေးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ မြန်မာနိုင်ငံအာဆီယံ အမျိုးသမီးများ ချစ်ကြည်ရေးအသင်း နာယကအဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး၏ ဇနီး ဒေါ်မြင့်မြင့်စိုးက လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ အာဆီယံ အမျိုးသမီးများ ချစ်ကြည်ရေးအသင်းက ကလေးပြုစုရေးဌာနသို့ ငွေကျပ် ၁၀သိန်းကို ပေးအပ်လှူဒါန်းရာ လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ထွန်းခိုင်က လက်ခံပြီး**(ဝဲပုံ)** ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံအာဆီယံ အမျိုးသမီးများ ချစ်ကြည်ရေးအသင်း နာယကအဖွဲ့ဝင်များနှင့်အဖွဲ့သည် ရွှေဂုံတိုင် ကလေးပြုစုရေးဌာနကို လှည့်လည်ကြည့်ရှုကြသည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ပဲခူးတိုင်း ရေတာရှည်မြို့နယ် တစ်နေ့တန် ၅၀ ဓာတုစက်ကြိတ်ပျော့ဖတ်စက်ရုံနှင့် တစ်နေ့တန် ၈၀ စက္ကူညိုစက်ရုံ(ရေနီ) ပန္နက်တင်မင်္ဂလာအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

တစ်နေ့ တန် ၅၀ ဓာတုစက်ကြိတ်ပျော့ဖတ်စက်ရုံ တည်ဆောက်ပြီးစီးပါက သတင်းစာစက္ကူအတွက် လိုအပ်သော ပျော့ဖတ်တန် ၃၀ ထုတ်လုပ်ပေးနိုင်မည်

❒ **ရှေ့ဖုံးမှ**

အစီအစဉ်အရ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တာဝန်ရှိသူများသည် ပန္နက်ရိုက်ရန် သတ်မှတ်နေရာများ၌ အသီးသီးနေရာယူကြသည်။

ပန္နက်တင်ပေး

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ ဝန်ကြီး ဦးအောင်သောင်း၊ ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်နှင့် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာကွမ်မု၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီချွမ်ပြည်နယ် အုပ်ချုပ်ရေးအဖွဲ့ဝင် Mr. She Guohua၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီချွမ်ပြည်နယ် စီးပွားရေးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Cui Zhaoquan၊ စီချွမ်ပြည်နယ် ဆောက်လုပ်ရေးဘဏ် အထွေထွေမန်နေဂျာ Mr. Zhao Fugau တို့က သတ်မှတ်နေရာများ၌ နေရာအသီးသီးယူကြကာ မင်္ဂလာအချိန် နံနက် ၉နာရီ ၉မိနစ်တွင် တစ်ပြိုင်တည်း ပန္နက်တင်ပေးကြပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဧည့်သည်တော်များသည် ဗဟိုမင်္ဂလာမဏ္ဍပ်ရှေ့၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် အခမ်းအနားအစီအစဉ်များကို ဗဟိုမဏ္ဍပ်၌ ဆက်လက်ကျင်းပရာ ရှေးဦးစွာ မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးညွန့်အောင်က လက်ရှိရေနီ အမှတ်(၂) စက္ကူစက်ရုံ၏ ကုန်ထုတ်လုပ်မှုအခြေအနေများနှင့် ဆက်လက်တည်ဆောက်သွားမည့် စက်ရုံ၏ ကုန်ထုတ်လုပ်မှုအဆင့်ဆင့်၊ ဆောင်ရွက်သွားမည့်အစီအမံများကို ရှင်းလင်းတင်ပြရာ ဝန်ကြီး ဦးအောင်သောင်းက လိုအပ်ချက်များ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ စီချွမ်ပြည်နယ် အုပ်ချုပ်ရေးအဖွဲ့ဝင် Mr. She Guohua က စက်ရုံတည်ဆောက်ပေးရခြင်းအတွက် ကျေးဇူးတင်ဂုဏ်ပြုစကားပြောကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ စက်ရုံဖြစ်မြောက်ရေးအတွက် ကူညီပေးခဲ့သည့်အတွက် အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ နိုင်ငံအတွက်လည်း အကျိုးဖြစ်၍ အမှတ်(၁) စက်မှုဝန်ကြီးဌာနအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တာဝန်ရှိသူများ၊ ပညာရှင်များနှင့် ညှိနှိုင်း၍ စက်ရုံကို အချိန်မီပြီးစီးရေး၊ စံချိန်စံညွှန်းနှင့်အညီ ကုန်ပစ္စည်း ထုတ်လုပ်ရန် ကြိုးပမ်းဆောင်ရွက်သွားကြရေး မှာကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပညာရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူး၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဧည့်သည်တော်များသည် ရေနီ အမှတ်(၂)စက္ကူစက် ဧည့်ရိပ်သာသို့ ရောက်ရှိကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာကွမ်မု၊ စီချွမ်ပြည်နယ် အုပ်ချုပ်ရေးအဖွဲ့မှ ဧည့်သည်တော်များနှင့် Chengda Engineering Corporation of China တို့မှ ပညာရှင်တို့သည် ဂုဏ်ပြုလက်ဆောင်များ အပြန်အလှန်ပေးအပ်ကြသည်။

လက်မှတ်ရေးထိုး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် ဧည့်သည်တော်များသည် စက်ရုံဧည့်သည်တော် မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

အမွှေးနံ့သာရည် ပက်ဖျန်းပေး

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းနှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာကွမ်မုတို့ တစ်နေ့တန် ၅၀ ဓာတုစက်ကြိတ် ပျော့ဖတ်စက်ရုံနှင့် တစ်နေ့တန် ၈၀ စက္ကူညိုစက်ရုံ(ရေနီ) ပန္နက်တင် မင်္ဂလာအခမ်းအနားတွင် ပန္နက်တိုင်များကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးစဉ်။ (သတင်းစဉ်)

အဆိုပါ တစ်နေ့ တန် ၅၀ ဓာတုစက်ကြိတ်ပျော့ဖတ်စက်ရုံကို အမှတ်(၁) စက်မှုဝန်ကြီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ Chengda Engineering Corporation of China တို့ ပူးပေါင်းတည်ဆောက်သွားမည်ဖြစ်ပြီး စက်ရုံတည်ဆောက်ပြီးစီးပါက ပလိပ်မြို့ရှိ Recycling Newsprint Paper ထုတ်လုပ်ရေးစက်ရုံမှ သတင်းစာစက္ကူအတွက် လိုအပ်သော ပျော့ဖတ်တန် ၃၀ ကို ထုတ်လုပ်ပေးနိုင်မည်ဖြစ်ပြီး အရည်အသွေးမီ သတင်းစာစက္ကူများကို ထုတ်လုပ်နိုင်မည်ဖြစ်သည်။

ထုတ်လုပ်နိုင်

အလားတူ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းနှင့် အမှတ်(၁) စက်မှုဝန်ကြီးဌာနတို့မှ တစ်နေ့ ဘီလပ်မြေတန်ချိန် ၂ ဒသမ ၅ သန်း ထုတ်လုပ်လျက်ရှိပြီး ထုပ်ပိုးစက္ကူညို တန်ချိန် ၂၄၀၀၀ လိုအပ်လျက်ရှိရာ လက်ရှိ ရေနီအမှတ်(၂) စက္ကူစက်ရုံမှ တန်ချိန် ၆၀၀၀ ကျော်သာ ထုတ်လုပ်ပေးနိုင်ရာမှ ယခုတန် ၈၀ စက္ကူညိုစက်ရုံ တည်ဆောက်ပြီးစီးပါက ဘီလပ်မြေအိတ် စက္ကူအတွက် လိုအပ်သော စက္ကူညိုများ လုံလောက်စွာ ထုတ်လုပ်ပေးသွားနိုင်မည်ဖြစ်သည်။

အမှတ်(၁) စက်မှုဝန်ကြီးဌာနအနေဖြင့် အဆိုပါစက်ရုံများကို ပြည်တွင်းစက္ကူသုံးစွဲမှုကို ဖြည့်ဆည်းပေးနိုင်ရန်နှင့် ပြည်ပမှ စက္ကူတင်သွင်းမှုကို လျော့ကျစေရန်၊ ပျော့ဖတ်ကို နိုင်ငံခြားတင်ပို့၍ နိုင်ငံခြားငွေ တိုးတက်ရှာဖွေရန်၊ ခေတ်မီနည်းပညာများရရှိစေရန်၊ ဒေသခံပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းရရှိ၍ ဒေသဖွံ့ဖြိုးပြီး လူနေမှုအဆင့်အတန်း မြင့်မားလာစေရန်ဟူသည့် ရည်ရွယ်ချက်များဖြင့် အဆိုပါစက်ရုံများကို တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ (သတင်းစဉ်)

❒ **မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းနှင့် အမှတ်(၁) စက်မှုဝန်ကြီးဌာနတို့မှ တစ်နေ့ ဘီလပ်မြေတန်ချိန် ၂ ဒသမ ၅ သန်း ထုတ်လုပ်လျက်ရှိပြီး ထုပ်ပိုးစက္ကူညို တန်ချိန် ၂၄၀၀၀ လိုအပ်လျက်ရှိ၊**

❒ **လက်ရှိ ရေနီ အမှတ်(၂) စက္ကူစက်ရုံမှ တန်ချိန် ၆၀၀၀ ကျော်သာ ထုတ်လုပ်ပေးနိုင်၊**

❒ **တန် ၈၀ စက္ကူညိုစက်ရုံ တည်ဆောက်ပြီးစီးပါက ဘီလပ်မြေအိတ် စက္ကူအတွက် လိုအပ်သော စက္ကူညိုများ လုံလောက်စွာ ထုတ်လုပ်ပေးသွားနိုင်မည်။**

✻ **ကျောဖုံးမှ**

တည်ဆောက်ခြင်းနှင့် စပ်လျဉ်း၍ လုပ်ငန်းဆောင်ရွက်မှုများကိုရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဆည်မြောင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်ဇော်နှင့် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်တို့က ဖြည့်စွက်ရှင်းလင်း တင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက လိုအပ်သည်များကို မှာကြား ဖြည့်ဆည်း ဆောင်ရွက်ပေးကာ တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မော်လမြိုင်မြို့ ဈေးကြိုရပ်ကွက်ရှိ ရတနာထွန်း ပွဲရုံတန်းကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး လုပ်ငန်း

MRTV-4
ရုပ်မြင်သံကြားအစီအစဉ်

၂၂-၄-၂၀၀၆ (စနေနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	တေးဂီတအစီအစဉ်
၇း၁၀	စိတ်ဝင်စားစရာမြန်မာ့ပုလဲရတနာ အပိုင်း(၂)
၇း၂၅	တေးဂီတအစီအစဉ်
၇း၃၀	နိုင်ငံတကာသတင်းအကျဉ်း
၇း၃၅	အနုပညာကြယ်ပွင့်များနှင့် တွေ့ဆုံခြင်း (ဂရေဟမ်နှင့်တွေ့ဆုံခြင်း)
၈း၁၀	မိုးလေဝသခန့်မှန်းချက်
၈း၁၅	ယွန်းထည်အတတ်ပညာ
၈း၄၀	တေးဂီတအစီအစဉ်
၈း၄၅	ပြည်တွင်းသတင်းအကျဉ်း
၈း၅၅	ဗွီစီဒီမိတ်ဆက်
၉း၁၅	စာရေးဆရာမောင်ဒဂုန်နှင့် တွေ့ဆုံခြင်း
၉း၃၅	တေးဂီတအစီအစဉ်
၉း၄၀	ပန်းလှိုင်ဆေးရုံ
၁၀း၀၀	တေးဂီတအစီအစဉ်
၁၀း၁၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၂၀	တေးဂီတအစီအစဉ်
၁၀း၂၅	မြန်မာ့သဘော်ကျင်းလုပ်ငန်း
၁၀း၃၅	တေးဂီတအစီအစဉ်
၁၀း၄၅	ပြည်တွင်းသတင်းအကျဉ်း
၁၀း၅၅	တေးဂီတအစီအစဉ်
၁၁း၀၀	Management Talk (ဦးမျိုးမြတ်သူ၊ ဦးအေးကျော်)
၁၁း၃၀	တေးဂီတအစီအစဉ်
၁၁း၃၅	စံပြကျွန်းအထူးစိုက်ခင်း (ကြံခင်း)
၁၁း၄၅	သွားအကြောင်း သိကောင်းစရာ(အပိုင်း-၂)
၁၁း၅၅	တေးဂီတအစီအစဉ်
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါ(၅)နာရီစာအစီအစဉ်များကို ည(၂၃း၀၀)နာရီအထိ(၃)ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း အစီအစဉ်

၄း၃၀	ပရီမီယာပွဲကြိုသုံးသပ်ချက်-၁ (ကျောက်ဘီလူး တင်မောင်ဆွေ၊နေမျိုးသူရ၊ပြည့်ဖြိုးဟန်)
လိုင်း	5-Sports
၅း၃၀	ပွဲကြိုသုံးသပ်ချက် (၂)
လိုင်း	5-Sports(Live)
၆း၁၀	Arsenal-Tottenham
လိုင်း	5-Sports (Live)
၈း၂၄	Everton-Birmingham
လိုင်း	5-Cartoons(Live)
၈း၂၅	New Castle-West Brom
လိုင်း	5-Sports(Live)

FA Cup ဘောလုံးပွဲစဉ်

ညပိုင်း အစီအစဉ်

၁၀း၄၀	Chelsea-Liverpool
လိုင်း	5-Sports(Live)
၁း၀၀	Final Score
လိုင်း	5-Sports(Live)

✻ ကျောဖုံးမှ

တည်ဆောက်ခြင်းနှင့် စပ်လျဉ်း၍ လုပ်ငန်းဆောင်ရွက်မှုများကိုရှင်းလင်း တင်ပြသည်။

ဆက်လက်၍ ဆည်မြောင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်ဇော်နှင့် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်တို့က ဖြည့်စွက်ရှင်းလင်း တင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးကာ တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မော်လမြိုင်မြို့ ဈေးကြိုရပ်ကွက်ရှိ ရတနာထွန်း ပွဲရုံတန်းကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး လုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ကြည့်ရှုအားပေး

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မုဒုံမြို့နယ် ခြံစည်းရိုးကြက်ဆူပင် ပျိုးဥယျာဉ်သို့ ရောက်ရှိကြပြီး ပျိုးဥယျာဉ်၌ ခြံစည်းရိုးကြက်ဆူပင် မျိုးပွားကိုင်းနှင့် ကြက်ဆူပင် မျိုးစေ့များကို စိုက်ပျိုးပေးကာ လူမှုရေးအသင်းအဖွဲ့များ၏ ခြံစည်းရိုးကြက်ဆူပင်မျိုးစေ့များ တပျော်တပါး စိုက်ပျိုးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်အဖွဲ့ဝင်များအား ရှင်းလင်းဆောင်၌ ပြည်နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးစိန်ဝင်းက မွန်ပြည်နယ်၏ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးထားရှိမှုနှင့် သီးနှံစိုက်ပျိုးမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေး ဆွေးနွေးမှာကြားကာ လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်ကပ်လှူဒါန်း

ညပိုင်းတွင် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် တိုင်းမှူးနှင့်အတူ မော်လမြိုင်မြို့ တောင်ပေါ်တန်းရှိ တောင်ပေါ်ကျောင်းသို့ သွားရောက်၍ဉာဏ်တော်အမြင့် ၁၇ပေ ၁၀လက်မရှိ ဗုဒ္ဓသရီရဓာတ်တော် နှစ်ဆူနှင့် နီးဘုရားကြီးတို့အား ဖူးမြော်ကြည်ညိုပြီး တောင်ပေါ်ကျောင်းဆရာတော် ဦးဝါယမထံ ဘုရားများအတွက် အလှူငွေများကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မော်လမြိုင်မြို့ ဖက်တန်းရပ်ကွက်ရှိ ဟင်းသီးဟင်းရွက်ဈေးသို့ လည်းကောင်း၊ မော်လမြိုင်မြို့၏ ညရှုခင်းအလှနှင့် သန့်ရှင်းသာယာလှပနေမှုများကိုလည်းကောင်း၊ မော်လမြိုင်မြို့ အဝင် ဆိုင်းဘုတ်နှင့် တည်ဆောက်ဖွင့်လှစ်ပြီးခဲ့သော သံလွင်တံတား (မော်လမြိုင်) မော်တော်ကားလမ်းနှင့် ရထားလမ်းများကို လည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို မုဒုံမြို့နယ် ခြံစည်းရိုး ကြက်ဆူပင်ပျိုးဥယျာဉ်၌ ကြက်ဆူမျိုးစေ့များကို ပျိုးထောင်စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များ သထုံမြို့နယ်ရှိ ဇေါ့ကျေးရွာ ခြံတောင်သူများ၏ ဟင်းသီးဟင်းရွက်နှင့် သီးနှံစိုက်ခင်းများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၂-၄-၂၀၀၆ (စနေနေ့)

၇း၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ တေးဂီတအစီအစဉ်
၇း၁၀ စိတ်ဝင်စားစရာမြန်မာ့ပုလဲရတနာ အပိုင်း(၂)
၇း၂၅ တေးဂီတအစီအစဉ်
၇း၃၀ နိုင်ငံတကာသတင်းအကျဉ်း
၇း၃၅ အနုပညာကြယ်ပွင့်များနှင့် တွေ့ဆုံခြင်း (ဂရေဟမ်နှင့်တွေ့ဆုံခြင်း)
၈း၁၀ မိုးလေဝသခန့်မှန်းချက်
၈း၁၅ ယွန်းထည်အတတ်ပညာ
၈း၄၀ တေးဂီတအစီအစဉ်
၈း၄၅ ပြည်တွင်းသတင်းအကျဉ်း
၈း၅၅ ဗွီစီဒီမိတ်ဆက်
၉း၁၅ စာရေးဆရာမောင်ဒဂုန်နှင့် တွေ့ဆုံခြင်း
၉း၃၅ တေးဂီတအစီအစဉ်
၉း၄၀ ပန်းလှိုင်ဆေးရုံ
၁၀း၀၀ တေးဂီတအစီအစဉ်
၁၀း၁၅ နိုင်ငံတကာသတင်းအကျဉ်း
၁၀း၂၀ တေးဂီတအစီအစဉ်
၁၀း၂၅ မြန်မာ့သဘော်ကျင်းလုပ်ငန်း
၁၀း၃၅ တေးဂီတအစီအစဉ်
၁၀း၄၅ ပြည်တွင်းသတင်းအကျဉ်း
၁၀း၅၅ တေးဂီတအစီအစဉ်
၁၁း၀၀ Management Talk (ဦးမျိုးမြတ်သူ၊ ဦးအေးကျော်)
၁၁း၃၀ တေးဂီတအစီအစဉ်
၁၁း၃၅ စံပြကျွန်းအထူးစိုက်ခင်း (ကြံခင်း)
၁၁း၄၅ သွားအကြောင်း သိကောင်းစရာ(အပိုင်း-၂)
၁၁း၅၅ တေးဂီတအစီအစဉ်
၁၂း၀၀ MRTV-4 အပိတ် Logo

အထက်ပါ(၅)နာရီစာအစီအစဉ်များကို ည(၂၃း၀၀)နာရီအထိ(၃)ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း အစီအစဉ်

၄း၃၀ ပရီမီယာပွဲကြိုသုံးသပ်ချက်-၁ (ကျောက်ဘီလူး တင်မောင်ဆွေ၊နေမျိုးသူရ၊ပြည့်ဖြိုးဟန်)
လိုင်း 5-Sports
၅း၃၀ ပွဲကြိုသုံးသပ်ချက် (၂)
လိုင်း 5-Sports(Live)
၆း၁၀ Arsenal-Tottenham
လိုင်း 5-Sports (Live)
၈း၂၄ Everton-Birmingham
လိုင်း 5-Cartoons(Live)
၈း၂၅ New Castle-West Brom
လိုင်း 5-Sports(Live)

FA Cup ဘောလုံးပွဲစဉ်

ညပိုင်း အစီအစဉ်

၁၀း၄၀ Chelsea-Liverpool
လိုင်း 5-Sports(Live)
၁း၀၀ Final Score
လိုင်း 5-Sports(Live)

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးလုပ်ငန်းညှိနှိုင်း တိုင်းမှူး ဗိုလ်မှူးချုပ်လှဌွေးဝင်း တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဧပြီ ၂၁

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၅ နာရီတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌွေးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ တိုင်းမှူး ဗိုလ်မှူးချုပ်လှဌွေးဝင်းက မဟာသင်္ကြန်ပွဲတော်ကာလအတွင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း စနစ်တကျထိန်းသိမ်းကြပ်မတ်မှုကြောင့် ယာဉ်တိုက်ခိုက်မှုနှင့် ယာဉ်မတော်တဆ ဖြစ်မှုများ ယခင်နှစ်ကထက် သိသိသာသာ လျော့နည်းကျဆင်းခဲ့မှုနှင့် ကုန်ဈေးနှုန်း တည်ငြိမ်ရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုသည့် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရန် ဆောင်ရွက်ကြရမည့် လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

တင်ပြ

ထို့နောက် ရန်ကုန်တိုင်းအတွင်းရှိ တက္ကသိုလ်၊ကောလိပ်များမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူများ၊ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှု အဖွဲ့ဝင်များ၊ ယာဉ်စည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မော်တော်ယာဉ်လိုင်းများမှ ယာဉ်လိုင်းဥက္ကဋ္ဌများက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း စနစ်တကျ လိုက်နာကြစေရေးအတွက် ကြပ်မတ်ထိန်းသိမ်းလျက်ရှိသည့် အခြေအနေများကို တင်ပြကြသည်။

ညှိနှိုင်းဖြည့်ဆည်း

ယင်းနောက် တိုင်းမှူးက တင်ပြချက်များနှင့် ပတ်သက်၍ လိုအပ်သည်များညှိနှိုင်းဖြည့်ဆည်းပေးကာ နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၂-၄-၂၀၀၆ (စနေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇း၅၅ ၅။ အတီးပြိုင်ပွဲ
၈း၀၅ ၆။ ဆွာချောင်းရေလှောင်တမံ
၈း၂၀ ၇။ အဆိုပြိုင်ပွဲ
၈း၃၀ ၈။ International News.
၈း၄၅ ၉။ Grammar Made Easy.
၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၅ ၂။ တေးဂီတအစီအစဉ်
၁၁း၃၀ ၃။ ပြည်တွင်းသတင်း
၁၁း၄၀ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၂း၀၅ ၅။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂း၅၅ ၆။ **နိုင်ငံခြားကာတွန်း ဇာတ်လမ်းတွဲ “Poraemon”**
၁း၁၀ ၇။ ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ
၁း၂၀ ၈။ **“နှစ်မြှာနတ်မိမယ်” (မင်းသူ၊ မိုးပြည့်ပြည့်မောင်) (ဒါရိုက်တာ-အောင်ကျော်ကျော်)**
၁း၄၅ ၉။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၂း၀၀ ၁၀။ ဆက်သွယ်ဆင့်ပွား အိပ်မက်တံတား
၂း၁၀ ၁၁။ အတီးပြိုင်ပွဲ
၂း၂၀ ၁၂။ **“သတိနဲ့ယှဉ်အသိနဲ့ပြင်” (အပိုင်း-၁) (ဝါးခယ်မရဲမောင်၊ ဘုန်းလျှန်၊ မြတ်ကေသီအောင်၊ ရတနာခင်၊ ဟန်နီထွန်း၊ ပြည့်ဖူးခိုင်၊ နီနီရွှေရည်၊ ဆောင်းနှင်းဝေ၊ ဝိုင်းစုခိုင်သိန်း၊ အိုင်းရစ်လေပြေဦး) (ဒါရိုက်တာ-မင်းအုပ်စိုး)**
၂း၃၀ ၁၃။ အဆိုပြိုင်ပွဲ
၂း၃၅ ၁၄။ ရန်ကုန်တိုင်း ပေါင်းလင်း (ငမိုးရိပ်ရေကူ)ရေလှောင်တမံ
၂း၄၅ ၁၅။ International News.
၃း၀၀ ၁၆။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၃၀ ၃။ English for Everyday Use.
၄း၄၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ် (ရုက္ခဗေဒ၊ သတ္တဗေဒအထူးပြုများ) (ရုက္ခဗေဒ)
၅း၀၀ ၅။ အကပြိုင်ပွဲ
၅း၀၅ ၆။ တေးဂီတအစီအစဉ်
၅း၂၀ ၇။ အတီးပြိုင်ပွဲ
၅း၃၅ ၈။ ချစ်စရာ့အရွယ်ကစားကြမယ်
၆း၀၀ ၉။ ညနေခင်းသတင်း
၆း၃၀ ၁၀။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၁။ **Discovery**
၆း၄၅ ၁၂။ တေးဂီတအစီအစဉ်
၇း၀၀ ၁၃။ မြန်မာမှုပန်းဆယ်မျိုး(ပန်းရန်)
၇း၀၅ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ကံကောင်းခြင်းအိပ်မက်” (အပိုင်း-၇)**
၈း၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ချစ်မိပြီဆိုရင်” (အပိုင်း-၃၇)**
၁၉။ နောက်တစ်နေ့အစီအစဉ်
၂၀။ အစီအစဉ်ပြီး၏။

ဧပြီ ၂၁ ရက်က ဆေးတက္ကသိုလ်(မန္တလေး)တွင် သောက်သုံးရေသန့်ရရှိရန် ရေသန့်စက်တည်ဆောက်ရေးအတွက် မန္တလေး ကလေးဆေးရုံကြီးမှ ပါမောက္ခ ဒေါက်တာဖေသက်ခင်၊ ဇနီး ဒေါက်တာ မွန်မွန်အောင် မိသားစုတို့က အလှူငွေကျပ် တစ်သိန်း၊ ကွယ်လွန်သူ ဒေါက်တာခင်မောင်မြင့်(မုံရွာ/ရေဦး)အား ရည်စူး၍ ၁၉၆၇ခုနှစ် မန္တလေး ဆေးတက္ကသိုလ်ဝင် သူငယ်ချင်းဆရာဝန်များက ကျပ်တစ်သိန်း စုစုပေါင်း ကျပ်နှစ်သိန်း လှူဒါန်းရာ ပါမောက္ခချုပ်ပါမောက္ခ ဒေါက်တာကျော်လှနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များက လက်ခံယူပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။

(သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးတရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်
ဝတ္ထုတို၊ဆောင်းပါး၊ကဗျာ၊တေးသီချင်း၊ပန်းချီ၊ကာတွန်း၊ပိုစတာ၊ဓာတ်ပုံနှင့် ကွန်ပျူတာပန်းချီ/ပိုစတာပြိုင်ပွဲများ ဖိတ်ခေါ်

ရန်ကုန် ဧပြီ ၂၁

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့က ကြီးမှူးကျင်းပမည့် ၂၀၀၆ ခုနှစ် ဇွန် ၂၆ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ဓာတ်ပုံနှင့် ကွန်ပျူတာ ပန်းချီ/ပိုစတာပြိုင်ပွဲအတွက် စာမူနှင့် လက်ရာများကို ဖိတ်ခေါ်ထားသည်။

ပြိုင်ပွဲအတွက် သတ်မှတ်ထားသော စည်းကမ်းချက်များမှာ မြန်မာနိုင်ငံမူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့က ကြီးမှူးကျင်းပမည့် ၂၀၀၆ ခုနှစ် ဇွန် ၂၆ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးအထိမ်းအမှတ်နေ့ အတွက် မူးယစ်ဆေးဝါး ထုတ်လုပ်သုံးစွဲမှု ပပျောက်ရေး ဦးတည် ရည်ရွယ်လျက် အနုပညာရသမြောက်စွာ ဖွဲ့ဆိုသီကုံး၊ ရေးဆွဲ၊ ရိုက်ကူး ရမည့် ဦးတည်ချက်ဆောင်ပုဒ်များမှာ **"မူးယစ်အန္တရာယ် လူ့ရန်စွယ်"**၊ **"ကာကွယ်တိုက်ဖျက် လက်ချင်းဆက်"**၊ **"တန်ဖိုးရှိလှ လူငယ်ဘဝ မူးယစ်ကင်းစင်ကျန်းမာမှ"**၊ **"မူးယစ်ကင်းစင် အလှဆင်"**တို့ဖြစ်သည်။

ဝတ္ထုတို ပြိုင်ပွဲကို အလွတ်တန်းတစ်မျိုးတည်းသာထားရှိ၍ စာမူကို ကွန်ပျူတာဖြင့်ဖြစ်စေ၊ လက်ရေးဖြင့်ဖြစ်စေ စာတစ်မျက်နှာတည်းတွင် သပ်ရပ်စွာရေး၍ မူရင်းနှင့်မိတ္တူပေါင်းနှစ်စောင် တင်သွင်းရမည်။ စာလုံးရေ ကန့်သတ်ချက်မှာ ၃၀၀၀ မှ ၅၀၀၀ အတွင်း ဖြစ်သည်။

ဆောင်းပါးပြိုင်ပွဲကို အလွတ်တန်းတစ်မျိုးတည်းသာထားရှိ၍ စာမူကို ကွန်ပျူတာဖြင့်ဖြစ်စေ၊ လက်ရေးဖြင့် ဖြစ်စေ စာတစ်မျက်နှာတည်းတွင် သပ်ရပ်စွာရေး၍ မူရင်းနှင့် မိတ္တူ ပေါင်းနှစ်စောင် တင်သွင်းရမည်။ စာလုံးရေ ကန့်သတ်ချက်မှာ ၃၀၀၀ မှ ၅၀၀၀ အတွင်းဖြစ်သည်။

တေးသီချင်းပြိုင်ပွဲကို အလွတ်တန်းတစ်မျိုးတည်းသာ ထားရှိ၍ တစ်ဦးချင်း(သို့မဟုတ်) အဖွဲ့နှင့် သီဆိုနိုင်သော တေးသီချင်းဖြစ်ပြီး ပရိသတ်နားစွဲလွယ်သော ကိုယ်ပိုင်သံစဉ်တေးသွား သီချင်းသစ်ဖြစ်ရမည်။ သံစဉ်ရော စာသားပါ အကြောင်းအရာတင်ပြပုံ၊ ဦးတည်ချက်မှန်ကန်၍ စကားလုံးကျစ်လျစ်ထိရောက်ရမည်။ ပြိုင်ပွဲဝင်မည့် တေးသီချင်းကို ကက်ဆက်ခွေဖြင့် အသံသွင်းပြီး ပြိုင်ပွဲဝင်တစ်ဦးလျှင် တေးသီချင်း တစ်ပုဒ်သာ ယှဉ်ပြိုင်ခွင့်ပြုမည်။ ပြိုင်ပွဲဝင်မည့် အပြီးသတ် အချော သွင်းထားပြီးဖြစ်သော ကက်ဆက်ခွေ Master(သို့) CD Master နှင့်အတူ စာသား ကွန်ပျူတာဖြင့်ဖြစ်စေ၊ လက်နှိပ်စက်ဖြင့်ဖြစ်စေ မိတ္တူနှစ်စောင်ကို ဂီတ သင်္ကေတ မူရင်းတစ်ရွက်နှင့်အတူ ပေးပို့ရမည်။

ကဗျာပြိုင်ပွဲကို အလွတ်တန်းတစ်မျိုးတည်းသာ ထားရှိ၍ စာမူကို ကွန်ပျူတာဖြင့်ဖြစ်စေ၊ လက်ရေးဖြင့်ဖြစ်စေ စာတစ်မျက်နှာတည်းတွင် သပ်ရပ်စွာရေး၍ မူရင်းမိတ္တူ ပေါင်းနှစ်စောင် တင်သွင်းရမည်။ ပြိုင်ပွဲဝင် ကဗျာသည် စပ်ထုံးစပ်နည်းမှန်ကန်ပြီး စာကြောင်းရေ ၅၀ မှ ၁၀၀ အတွင်းရှိရမည်။

ကာတွန်း၊ ပန်းချီ၊ ပိုစတာပြိုင်ပွဲနှင့်ပတ်သက်၍ အသက်(၁၀)နှစ်အောက်၊ (၁၀)နှစ်မှ (၁၅)နှစ်အောက်၊ (၁၅)နှစ်မှ (၂၀)နှစ်အောက်၊ အသက်(၂၀)နှစ်အထက်ဟူ၍ (၄)ဆင့် ယှဉ်ပြိုင် ခွင့်ပြုသည်။ အသက် အထောက် အထားအတွက် သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများ၏ ထောက်ခံချက်ဖြင့် ပြည်နယ်/တိုင်း မူးယစ်ဆေးဝါးအန္တရာယ် တားဆီး ကာကွယ်ရေးအဖွဲ့များက ဦးစီးကျင်းပမည့် လက်တွေ့ရေးဆွဲယှဉ်ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ရမည်။ ရေးဆွဲမည့်စက္ကူ ယူလာရန်မလို။ နှစ်သက်ရာ ဆေးကိုယူလာပြီး နှစ်သက်ရာရေးနည်းဖြင့် သရုပ်ဖော် ရေးဆွဲ၍ အောက်ခြေ တွင် လက်မှတ်ရေးထိုးရမည်။

ဓာတ်ပုံပြိုင်ပွဲကို အလွတ်တန်းတစ်မျိုးတည်းသာထားရှိ၍ ပြိုင်ပွဲဝင် တစ်ဦးလျှင် (၁၀ x၁၄) လက်မ အရွယ်ဆေးရောင်စုံ ဓာတ်ပုံ(၄)ပုံအထိ ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်။ မည်သည့်ကင်မရာ အမျိုးအစားနှင့်မဆို ရိုက်ကူး ယှဉ်ပြိုင်နိုင်သည်။ မိမိကိုယ်တိုင် ရိုက်ကူးထားသောပုံဖြစ်ရမည်။ အခြား ပြိုင်ပွဲများတွင် ဆုရရှိပြီးသောပုံမဖြစ်စေရ။ ပြိုင်ပွဲဝင်တစ်ဦးလျှင် ဆုကြီး တစ်ဆုနှင့် အထူးဆုနှစ်ဆုအထိသာ ခံစားခွင့်ရှိသည်။

မှတ်ချက်။ ပြိုင်ပွဲဝင်ဓာတ်ပုံများ၏ နောက်ကျောတွင် ဓာတ်ပုံပညာ ရှင်၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ မိမိ ကိုယ်တိုင်ရိုက်ကူးပြီး ဆုမရရှိဖူးသေးကြောင်း ဝန်ခံချက်ကို ဓာတ်ပုံ တစ်ပုံချင်း၏ နောက်ကျောတွင် ရေးသားလက်မှတ်ရေးထိုး၍ ပတ်စ်ပို့ အရွယ်ဓာတ်ပုံနှစ်ပုံ၊ ကိုယ်ရေးအကျဉ်းတို့အား ပူးတွဲလျက်ပေးပို့ရမည်။

ကွန်ပျူတာပန်းချီပြိုင်ပွဲကို ပြည်နယ်/တိုင်းအလိုက် အထက်တန်း အဆင့်၊ အလယ်တန်းအဆင့်ဟူ၍ နှစ်ဆင့်ခွဲ၍ ကျင်းပပြုလုပ်မည်ဖြစ်ပြီး အထက်တန်းအဆင့်အတွက် (၈၊ ၉၊ ၁၀)တန်း ကျောင်းသား ကျောင်းသူ များပါဝင်ယှဉ်ပြိုင်နိုင်ပြီး အလယ်တန်းအဆင့်အတွက် (၅၊၆၊၇)တန်း ကျောင်းသား၊ ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်နိုင်၍ အောက်ပါစည်းကမ်း ချက်များအတိုင်း ဆောင်ရွက်ရန် ဖြစ်သည်။

ကွန်ပျူတာပန်းချီပြိုင်ပွဲကို IBM ကွန်ပျူတာအမျိုးအစားဖြင့် ရေးဆွဲရန်၊ (Software Programme ကို Corel-draw, photoshop, Clarif Office ကြိုက်ရာတစ်မျိုးမျိုးဖြင့် ရေးဆွဲနိုင်ပါသည်။) ရေးဆွဲချိန် နှစ်နာရီသတ်မှတ်ရန်၊ လေဆာဓာတ်ပြား CD ဖြင့်ကူး၍ ပြိုင်ပွဲဝင်ပုံစံ နှင့်အတူ ပြည်နယ်/တိုင်း မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး အဖွဲ့များမှတစ်ဆင့် ထောက်ခံချက်ဖြင့် မူးယစ်ဗဟိုရုံးသို့ ပေးပို့ ရမည်။ ရန်ကုန်တိုင်းအတွင်းမှ ကွန်ပျူတာပန်းချီပြိုင်ပွဲအား ကွန်ပျူတာတက္ကသိုလ် (လှိုင်နယ်မြေ)၌ ၂၂-၅-၂၀၀၆ ရက် နံနက် ၉နာရီမှ နံနက် ၁၁နာရီထိ ကျင်းပသွားမည်ဖြစ်သည်။

ကွန်ပျူတာဒစ်ဂျစ်တယ်ပိုစတာပြိုင်ပွဲကို ပြည်နယ်/တိုင်းများတွင် အသက်(၁၅)နှစ်အထက် အလွတ်တန်း တစ်တန်းတည်း ပြိုင်ပွဲဝင် တစ်ဦးလျှင်တစ်ပုံသာ မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး ကွန်ပျူတာ ဒစ်ဂျစ်တယ် ပိုစတာပြိုင်ပွဲဝင် CD များအား ပြိုင်ပွဲဝင်ပုံစံနှင့်အတူ ပြည်နယ်/တိုင်း မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ များမှ တစ်ဆင့် ထောက်ခံချက်ဖြင့် မူးယစ်ဗဟိုရုံးသို့ ပေးပို့ရမည်ဖြစ် သည်။

ဝတ္ထုတို၊ ဆောင်းပါး၊ တေးသီချင်း၊ ကဗျာပြိုင်ပွဲတို့တွင် ပြိုင်ပွဲဝင် တစ်ဦးလျှင် စာမူတစ်စောင်သာ တင်သွင်းနိုင်ပြီး ကာတွန်း၊ ပန်းချီ၊ ပိုစတာနှင့်ကွန်ပျူတာပန်းချီ၊ ကွန်ပျူတာပိုစတာပြိုင်ပွဲများတွင်လည်း ပြိုင်ပွဲဝင်တစ်ဦးလျှင် တစ်ပုံသာ ပေးပို့ယှဉ်ပြိုင်ခွင့်ရှိသည်။

ဝတ္ထုတို၊ ဆောင်းပါး၊ တေးသီချင်း၊ ကဗျာ၊ ကာတွန်း၊ ပန်းချီ၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ၊ ကွန်ပျူတာပိုစတာပြိုင်ပွဲဝင်များအနေဖြင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံနှစ်ပုံ၊ အမည်ရင်း၊ ကလောင်အမည်၊ အမျိုးသား မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ကိုယ်ရေးအကျဉ်းချုပ်၊ မိမိကိုယ်တိုင် ရေးဆွဲခြင်းဖြစ်ကြောင်း၊ မည်သည့် စာစောင်တွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်း မရှိကြောင်း ဝန်ခံချက် စသည်တို့ကို ပူးတွဲပေးပို့ရမည်ဖြစ်သည်။

ကာတွန်း၊ ပန်းချီ၊ ပိုစတာ၊ ကွန်ပျူတာ ပန်းချီပြိုင်ပွဲအတွက် ပြည်နယ်/တိုင်းများမှ ဝင်ရောက်ယှဉ်ပြိုင်သူများသည် သက်ဆိုင်ရာ ပြည်နယ်/တိုင်း မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေး အဖွဲ့များမှ ကြီးမှူးကျင်းပသည့် ပြည်နယ်/တိုင်းအလိုက် ပြိုင်ပွဲများမှတစ်ဆင့် ဝင်ရောက်ယှဉ်ပြိုင်ကြ ရမည်။ ပြည်နယ်/တိုင်းများ အနေဖြင့် သင့်လျော်သည့် နေ့ရက် သတ်မှတ်ပြီး ကျင်းပကြရမည်။

ကာတွန်း၊ ပန်းချီ၊ ပိုစတာပြိုင်ပွဲအတွက် ရန်ကုန်တိုင်းမှ ဝင်ရောက် ယှဉ်ပြိုင်မည့်သူများ အထက(၂)လသာမြည်လာခန်းမတွင်၂၅-၅-၂၀၀၆ ရက် နံနက်၉နာရီမှ မွန်းတည့် ၁၂နာရီအထိ ကာတွန်း၊ မွန်းလွဲ ၁နာရီမှ ညနေ ၄နာရီအထိ ပန်းချီနှင့် ၂၆-၅-၂၀၀၆ ရက် နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ ပိုစတာ လက်တွေ့ ရေးဆွဲယှဉ်ပြိုင်ကြရမည် ဖြစ်သည်။

ပြိုင်ပွဲဝင် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာစာမူများ၊ တေးသီချင်းများနှင့် ဓာတ်ပုံများကို ဒုတိယရဲမှူးကြီးမြမြ မူးယစ်ဗဟိုရုံး ပြည်ထဲရေးဝန်ကြီး ဌာန [ဆရာစံလမ်းနှင့် စက်မှု(၁)လမ်းထောင့်]၊ ရန်ကုန်မြို့သို့ လိပ်မူ၍ ပြိုင်ပွဲအလိုက် သတ်မှတ်နေ့ရက်များအရောက် တိုက်ရိုက်ပေးပို့ရမည်။ ပြိုင်ပွဲဝင် ကာတွန်း၊ ပန်းချီ၊ ပိုစတာ၊ ကွန်ပျူတာပန်းချီနှင့် ကွန်ပျူတာ ပိုစတာလက်ရာများကို သက်ဆိုင်ရာ ပြည်နယ်/တိုင်း မူးယစ်ဆေးဝါး နှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီး ကာကွယ်ရေးအဖွဲ့များမှတစ်ဆင့် ထောက်ခံချက်ဖြင့် အထက်ပါ လိပ်စာ အတိုင်း သတ်မှတ်နေ့ရက် အရောက်ပေးပို့ရမည်ဖြစ်သည်။

ပြိုင်ပွဲဝင်စာမူနှင့် လက်ရာများကို မူးယစ်ဗဟိုရုံးသို့ နောက်ဆုံးထား ၍ အရောက်ပေးပို့ရမည့် နေ့ရက် သတ်မှတ်ချက်များမှာ ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာကို မေ ၂၀ရက် အရောက်၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာကို မေ ၂၅ရက် အရောက်နှင့် ဓာတ်ပုံ၊ ကွန်ပျူတာပန်းချီ၊ ကွန်ပျူတာပိုစတာ၊ တေးသီချင်းများကို မေ ၂၂ရက်အရောက် ပေးပို့ ရမည်ဖြစ်သည်။

စာမူတေးသီချင်း လက်ရာများကို ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုများအဖြစ် ရွေးချယ်မည်ဖြစ်ပြီး ရွေးချယ်ခြင်းခံရသော စာမူနှင့် လက်ရာများကို ၂၀၀၆ ခုနှစ် ဇွန် ၁၈ရက်တွင် ကြေညာ၍ ပထမ၊ ဒုတိယနှင့် တတိယဆုရသူများကို မူးယစ်ဗဟိုသို့ ဖိတ်ခေါ်ပြီး ၂၀၀၆ ခုနှစ် ဇွန် ၂၆ရက်တွင် အခမ်းအနားဖြင့် ဆုချီးမြှင့်မည်ဖြစ်သည်။ အထူးဆုရရှိသူများအား သက်ဆိုင်ရာ ပြည်နယ်/တိုင်းများမှ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားများတွင် ဆုချီးမြှင့်မည်ဖြစ်သည်။

ရွေးချယ်ခြင်းမခံရသော စာမူများ၊ လက်ရာများ၊ တေးသီချင်းများကို ပြန်လည်ပေးပို့မည် မဟုတ်ပါ။

မှတ်ချက်။ ။ မူးယစ်ဆေးဝါးထုတ်လုပ်သုံးစွဲမှု ပပျောက်ရေးကို ဦးတည်ချက်ဆောင်ပုဒ်များ သတ်မှတ်ထားသော်လည်း မူးယစ်ဆေးဝါး ပပျောက်ရေးကို ဦးတည်သည့် မည်သည့် သီကုံးရေးဆွဲ ရိုက်ကူးမှုကို မဆို လွတ်လပ်စွာ ပြုလုပ်နိုင်သည်။ (သတင်းစဉ်)

မိုးကုတ်ဝိပဿနာရိပ်သာ(လန်ဒန်) ဖြစ်မြောက်ရေးကော်မတီ ဆိုင်းဘုတ်တင်ပွဲ ကျင်းပ

ရန်ကုန် ဧပြီ ၂၁

မြန်မာနိုင်ငံမှ စေတနာရှင်များ ပါဝင်လှူဒါန်းမှုဖြင့် အင်္ဂလန်နိုင်ငံ လန်ဒန်မြို့၌ မိုးကုတ်ဝိပဿနာရိပ်သာဖြစ်မြောက်ရေးအတွက် လန်ဒန်မြို့ မိုးကုတ်ဝိပဿနာ ရိပ်သာ ဖြစ်မြောက်ရေးကော်မတီ ဆိုင်းဘုတ်တင်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက လမ်းမတော်မြို့နယ် ဘုန်းကြီးလမ်း အမှတ် (၃၂/၃၄) မြေညီထပ်တွင် ကျင်းပသည်။

အခမ်းအနားတွင် အကြံပေးပုဂ္ဂိုလ် ဦးအုံ့မောင်က မင်္ဂလာအချိန် နံနက် ၉နာရီတွင် လန်ဒန်မြို့ မိုးကုတ် ဝိပဿနာရိပ်သာ ဖြစ်မြောက်ရေး ကော်မတီ ဆိုင်းဘုတ်ကို ဖွင့်လှစ် ပေးသည်။ **(အပေါ်ပုံ)**

ယင်းနောက် အလှူငွေပေးအပ်ပွဲကို ကျင်းပရာလန်ဒန်မြို့ မိုးကုတ်ဝိပဿနာ ရိပ်သာ ဖြစ်မြောက်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ သီဟသုဓမ္မမဏိဇောတဓရ ဦးကျော်ခင်မြင့်၊ ဇနီး ဒေါ်စိန်စိန် မိသားစုတို့က အလှူငွေကျပ် ၁၀ သိန်း၊ ဘဏ္ဍာရေးမှူး ဦးအောင်တင်ထွန်း၊ ဇနီး ဒေါ်မြင့်မြင့်ရီ (မြန်မာအောင်တံခွန်အုပ်စုကုမ္ပဏီ)က အလှူငွေကျပ် ၁၀သိန်း၊ ဒေါ်နီနီထွန်း (ဇင်းနစ်ကုမ္ပဏီ)က အလှူငွေ ကျပ် ငါးသိန်း၊ ဦးမျိုးထွတ်၊ ဒေါ်ရီရီနွဲ့ (မျိုးလက်မှုပစ္စည်းကုမ္ပဏီ)က အလှူငွေကျပ် နှစ်သိန်း၊ ဦးခင်မောင်သန်း၊ ဒေါ်သီဂီနွယ် (Ray Shipping) က အလှူငွေကျပ်တစ်သိန်း၊ ဦးအေးလွင်၊ ဒေါ်ခင်လေး (ရွှေပြည်စံကုမ္ပဏီ)က ငွေကျပ်တစ်သိန်း၊ ဦးကျော်ဆွေ၊ ဒေါ်နှင်းအိဖြူက အလှူငွေကျပ် ငါးသောင်း ပေးအပ်လှူဒါန်း ကြသည်။ လန်ဒန်မြို့ မိုးကုတ်ဝိပဿနာရိပ်သာ ဖြစ်မြောက်ရေးအတွက် အလှူငွေများ ပါဝင်လှူဒါန်းလိုပါက ဖြစ်မြောက်ရေး ကော်မတီရုံးတည်ရှိရာအမှတ်(၃၂/၃၄) ဘုန်းကြီးလမ်း လမ်းမတော်မြို့နယ် ဖုန်း-၂၁၂၈၂၅ သို့ ဆက်သွယ်လှူဒါန်း နိုင်ကြသည်။ (သတင်းစဉ်)

အင်းစိန်မြို့နယ်ကွက်သစ်ရပ်ကွက် (၁)လမ်းနေ ကွယ်လွန်သူ ကျေးဇူးရှင်မိဘနှစ်ပါး ဖြစ်ကြသည့် ဦးကျော်ထွန်း-ဒေါ်ညွန့်မြိုင်တို့အား ရည်စူး၍ ကျန်ရစ်သူ သားသမီးမြေးမြစ်တစ်စုတို့က အလှူငွေကျပ် တစ်သိန်းကို အင်းစိန် စိန်ရတနာ နာရေးကူညီမှုအသင်းသို့ လှူဒါန်းရာ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တို့က လက်ခံရယူပြီး ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။ (ကြေးမုံ)

သီတဂူဧရာအလှူတော် တရားပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၂၁

သီတဂူဆရာတော် အရှင်ဉာဏိဿရ (D.Litt) (Ph.D) (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ၊ မဟာ ဓမ္မကထိက၊ ဗဟုဇနဟိတဓရ၊ အဂ္ဂ မဟာဂန္ထဝါစကပဏ္ဍိတ)အရှင်သူမြတ် ၏ဧရာအလှူတော်တရားပွဲကို မေ ၂ ရက် (အင်္ဂါနေ့) ညနေ ၆နာရီတွင် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ရေကျော်လမ်း အမှတ်(၇၇)ရှိ ဗုဒ္ဓဘာသာ ကလျာဏ ယုဝအသင်း(YMBA) ရာပြည့်ပွဲတော် အကြိုအဖြစ် ကျင်းပမည်ဖြစ်ရာ တရား နာကြွရောက်ကြရန် ဖိတ်ကြားထား သည်ဟု သိရသည်။ (၂၃)

ဧရာဝတီတိုင်း မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ပိတ်ပွဲကျင်းပ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့်ဇနီး တက်ရောက်ဆုချီးမြှင့်

ရန်ကုန် ဧပြီ ၂၁

မြန်မာသက္ကရာဇ် ၁၃၆၇ ခုနှစ် ဧရာဝတီတိုင်း မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ပိတ်ပွဲနှင့် ပြိုင်ပွဲဝင် ယိမ်းအဖွဲ့များအား ဆုချီးမြှင့်ပွဲအခမ်းအနားကို ဧပြီ ၁၆ ရက် မဟာသင်္ကြန်အတက်နေ့တွင် ပုသိမ်မြို့ ကမ်းနားလမ်းရှိ ဗဟိုမဏ္ဍပ်၌ ကျင်းပရာ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် သူရမြင့်အောင်နှင့် ဇနီး ဒေါ်သန်းသန်းနွဲ့၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင့်ဆွေနှင့် တပ်မတော် အရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ တိုင်းအေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဝန်ကြီးဌာနနှင့် တပ်နယ်ကိုယ်စားပြု ပြိုင်ပွဲဝင်ယိမ်းအဖွဲ့များမှ လှပျိုဖြူများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် မြန်မာ့ရိုးရာ သင်္ကြန်ပွဲတော် ပြိုင်ပွဲဝင် ပထမဆုရ ပုသိမ်တက္ကသိုလ် ယိမ်းအဖွဲ့အား ဆုပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

ရှေးဦးစွာ တာဝန်ရှိသူများက နှစ်သိမ့်ဆုရ အသင်းများကိုလည်းကောင်း၊ တတိယဆုရရှိသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ သင်္ကြန်ယိမ်းအဖွဲ့အား တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး သိန်းလှိုင်နှင့် ဇနီးတို့ကလည်းကောင်း၊ ဒုတိယဆုရရှိသော အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ယိမ်းအဖွဲ့အား ဒုတိယတိုင်းမှူးနှင့် ဇနီးတို့ကလည်းကောင်း၊ ပထမဆုရ ပုသိမ်တက္ကသိုလ် ယိမ်းအဖွဲ့အား တိုင်းမှူးကလည်းကောင်း ထူးချွန်ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြပြီး တိုင်းမှူးက မြန်မာသက္ကရာဇ် ၁၃၆၇ ခုနှစ် ဧရာဝတီတိုင်း မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ပိတ်သိမ်းကြောင်း ကြေညာကာ မြန်နန္ဒာသီချင်းဖြင့် အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မြန်မာသက္ကရာဇ် ၁၃၆၈ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက်နေ့ ဧပြီ ၁၇ ရက်တွင် စုပေါင်းဗိဝိတဒါန အဘယဒါန ဘေးမဲ့ငါးလွှတ်ပွဲ အခမ်းအနားကို ပုသိမ်မြို့ ကမ်းနားလမ်းရှိ ပန်းခြံသဘော်ဆိပ်ကမ်း၌ကျင်းပရာ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်တောင် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့်ဇနီး ဒေါ်သန်းသန်းနွဲ့၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင့်ဆွေနှင့်ဇနီး၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများတက်ရောက်ကြပြီး တိုင်းမှူးနှင့်ဇနီးတို့က ဦးဆောင်၍ တက်ရောက်လာကြသူများက ငါးမျိုးစုံ ကောင်ရေ သုံးသောင်းကျော်ကို ငဝန်မြစ်အတွင်းသို့ ဘေးမဲ့လွှတ်ပေးကြသည်။ (သတင်းစဉ်)

❀ တိုင်းမှူးမှ

ထိုမှတစ်ဆင့် တိုင်းမှူးသည် ဝန်ကြီးများ၊ ဧည့်သည်တော်များနှင့်အတူ မူဆယ်မြို့ ရွှေလီရတနာဧည့်ရိပ်သာအနီး မူဆယ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ခြံစည်းရိုးကြက်ဆူပင် တစ်သိန်းနှစ်သောင်းပျိုးခြံသို့ သွားရောက်ကြည့်ရှုအားပေးပြီး တိုင်းမှူးက တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ယင်းနောက်တိုင်းမှူး၊ ဝန်ကြီးများ၊ အဖွဲ့ဝင်များနှင့်အတူ မူဆယ်မြို့ မူဆယ်စက်မှုရပ်ကွက်ရှိ နဂါးမင်း ကြက်ဆူဆီကြိတ်စက်ရုံသို့ရောက်ရှိရာ ရှင်းလင်းဆောင်၌ မူဆယ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး စိုးဝင်းက မူဆယ်ခရိုင်အတွင်း ခြံစည်းရိုးကြက်ဆူ စိုက်ပျိုးရေးလုပ်ငန်းနှင့် ကြက်ဆူဆီကြိတ်စက်များဖြင့် ကြိတ်ခွဲမည့် အစီအစဉ်များကို ရုပ်ပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းမှူးက ပြည်နယ်အတွင်း ခြံစည်းရိုးကြက်ဆူ ဧကငါးသိန်းကို သုံးနှစ်စီမံကိန်းဖြင့် အရှိန်အဟုန်မြှင့် စိုက်ပျိုးဆောင်ရွက်နေမှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဝန်ကြီးများနှင့်အတူ စက်ရုံအတွင်း ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရေး ပညာပေးခင်းကျင်းပြသထားသော ခြံစည်းရိုးကြက်ဆူဆီ နမူနာ၊ ကြက်ဆူဆီမှထုတ်လုပ်သော စက်သုံးဆီနမူနာ၊ ကြက်ဆူဆီမှ ထုတ်လုပ်သော လူသုံးကုန်ပစ္စည်း နမူနာများနှင့် ကြက်ဆူဆီသုံး မီးဖိုများ၊ ကြက်ဆူပျိုးပင်များကို ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးများနှင့် အဖွဲ့သည် ကြက်ဆူဆီသုံး ကျေးရွာမီးလင်းရေး အင်ဂျင်စက်နှင့် မော်တာသုံး မီးစက် သရုပ်ပြ စမ်းသပ်မောင်းနှင်ပြသမှု၊ ကြက်ဆူဆီသုံး ဘက်စုံသုံးရိတ်သိမ်း ခြွေလှေ့စက်၊ ကြက်ဆူဆီသုံး လယ်ယာသုံး ထွန်စက်များကိုလည်းကောင်း၊ စက်ရုံအတွင်း ကြက်ဆူစေ့မှ ကြက်ဆူဆီထုတ်လုပ်ပုံ အဆင့်ဆင့်တို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုအားပေးကြသည်။

နွေစပါးစိုက်ခင်းကြည့်ရှု

ထိုမှတစ်ဆင့် တိုင်းမှူး၊ ဝန်ကြီးများနှင့် အဖွဲ့သည် သိန်းနီမြို့၊ မြို့မစိုက်ကွင်းရှိဆင်းရွှေလီအထူးအထွက်တိုးစပ်မျိုး နွေစပါး တစ်ဆက်တစ်စပ်တည်း စံပြ ဧက ၄၄၀၀ စိုက်ခင်းအနီးရှင်းလင်းဆောင်သို့ရောက်ရှိရာ သိန်းနီမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးရဲကျော်ခိုင်က သိန်းနီမြို့နယ်အတွင်း နွေစပါးစိုက်ပျိုးရေး တိုးချဲ့ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးနှင့် ဝန်ကြီးများက လုပ်ငန်းလိုအပ်ချက်များ မှာကြားညှိနှိုင်းဆောင်ရွက်ပေး၍ နွေစပါးစိုက်ခင်းအတွင်း လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဧပြီ ၁၁ ရက်နံနက်ပိုင်းတွင် တိုင်းမှူး၊ ဝန်ကြီးများနှင့် ဧည့်သည်တော်အဖွဲ့ဝင်များသည် လားရှိုးမြို့အဝင် ရန်အောင်မြင် နဂါးရုံဘုရား ကုန်းတော်အနီးရှိ ရန်တိုင်းအောင် ဆုတောင်းပြည့် မြို့ဦးစေတီတော်သို့ သွားရောက်၍ လိုဏ်ဂူတော်အတွင်း ကိန်းဝပ်စံပါယ်တော်မူလျက်ရှိသည့် ပတ္တမြားမျက်ရှင် ကြေးသွန်းရုပ်ပွားတော်၊ဗုဒ္ဓရုပ်ပွားတော်များအား ပန်း၊ ဆီမီး၊ အမွှေးနံ့သာတိုင်များဖြင့် ပူဇော်ကြည်ညိုကြသည်။

ဆက်လက်၍ စေတီတော်လိုဏ်ဂူတော် အတွင်း၌ စေတီတော်တည်ဆောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဝင်းနိုင်က ရွှေတိဂုံပုံတူ လိုဏ်စနစ်ဖြင့် ရန်တိုင်းအောင် ဆုတောင်းပြည့် မြို့ဦးစေတီတော် တည်ဆောက်ခြင်းလုပ်ငန်းနှင့် သာသနာတော်ဆိုင်ရာ အဆောက်အအုံများ ဆောက်လုပ်မှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တိုင်းမှူး၊ ဝန်ကြီးများနှင့် ဧည့်သည်တော်အဖွဲ့ဝင်များသည် စေတီတော် လိုဏ်ဂူတော်အတွင်း လှည့်လည်ကြည့်ရှုကြည်ညိုကြသည်။

စံပြစိုက်ခင်းကြည့်ရှုအားပေး

ထိုမှတစ်ဆင့် တိုင်းမှူး၊ ဝန်ကြီးများနှင့် အဖွဲ့ဝင်များသည် တိုင်းစစ်ဌာနချုပ်၏ ခြံစည်းရိုးကြက်ဆူပင်၊ နှစ်တိုနာနတ်ပင်၊ နှစ်ရှည် လိုက်ချီးပင် သုတေသန သီးညှပ်စိုက်ခင်းနှင့် ခြံစည်းရိုးကြက်ဆူ မျိုးသန့်မျိုးပွား သုတေသနပျိုးဥယျာဉ်သို့လည်းကောင်း၊ ကြက်ဆူမျိုးသန့်မျိုးပွား စံပြဧက ၁၀၀ စိုက်ခင်းဖြစ်ထွန်းအောင်မြင်မှု အခြေအနေများကိုလည်းကောင်း လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးများနှင့် အဖွဲ့ဝင်များသည် တိုင်းစစ်ဌာနချုပ်၏ ခြံစည်းရိုးကြက်ဆူ မျိုးသန့်မျိုးပွားဧက ၁၀၀ စိုက်ခင်း၌ ကျင်းပသော ခြံစည်းရိုးကြက်ဆူပင် ၃၆၀၀၀ စုပေါင်းစိုက်ပျိုးပွဲသို့ တက်ရောက်၍ ခြံစည်းရိုးကြက်ဆူ ပျိုးပင်များကို ကိုယ်တိုင်ပါဝင် စိုက်ပျိုးပေးကြပြီး တက်ရောက်လာကြသူများ၏ တပျော်တပါး ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးများနှင့် အဖွဲ့ဝင်များသည် စံပြဧက ၁၀၀ စိုက်ခင်းအတွင်း နှစ်ရှည်သစ်ဆိမ့်ပင်နှင့် သီးညှပ်ကြက်ဆူပင်စိုက်ခင်းများနှင့်ကြက်ဆူပျိုးဥယျာဉ်တို့သို့လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယင်းနောက် တိုင်းမှူးသည် လေကြောင်းခရီးစဉ်ဖြင့် ပြန်လည်ထွက်ခွာမည့် ဝန်ကြီးများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးပြည်နယ်မှ စီးပွားရေးလုပ်ငန်းရှင် ဧည့်သည်တော်များအား လားရှိုးလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်သည်။ (သတင်းစဉ်)

● ဒုတိယမှ

ဂျစ်ပနီမော်တော်ယာဉ်ထုတ်လုပ်ရေးလုပ်ငန်းသည် စစ်ပြီးခေတ်လွန်ကာလတွင် ရေပန်းစားမှု အများဆုံး ရရှိခဲ့ပြီး အများပြည်သူ သွားလာရေးတွင် တစ်စတစ်စ အသုံးဝင်လာခဲ့သည်။

ဂျစ်ပနီမော်တော်ယာဉ်သည် မူလအားဖြင့် ဒုတိယကမ္ဘာစစ် လက်ကျန် စစ်သုံးဂျစ်ကားများကို အခြေခံကာ ထုတ်လုပ်ထားသည့် ယာဉ်တစ်မျိုးဖြစ်သည်။ ကား၏ကိုယ်ထည်တွင် တောက်တောက်ပြောင်ပြောင် ဆေးရောင်များ ခြယ်သထားသော ဂျစ်ပနီကားများသည် ဖိလစ်ပိုင်လူမျိုးတို့၏ ခေတ်ပြိုင်ယဉ်ကျေးမှုတွင် အမှတ်သင်္ကေတတစ်ခု ဖြစ်လာခဲ့သည်။

ဒုတိယကမ္ဘာစစ်အပြီးကာလတွင် အမေရိကန်တပ်ဖွဲ့များ ဖိလစ်ပိုင်နိုင်ငံမှ ရုပ်သိမ်းသွားခဲ့ချိန်တွင် စစ်သုံးဂျစ်ကားရာပေါင်းများစွာ ကျန်ခဲ့ရာ ဒေသခံများသည် အဆိုပါဂျစ်ကားများကို ခရီးသည်တင် မော်တော်ယာဉ်အဖြစ်သို့ ပြင်ဆင်ပြောင်းလဲကာ သယ်ယူပို့ဆောင်ရေးလုပ်ငန်းတွင် စတင်အသုံးပြုလာခဲ့သည်။

စစ်ပြီးခေတ်လွန်ကာလတွင် ဖိလစ်ပိုင်နိုင်ငံ၌ ဂျစ်ပနီမော်တော်ယာဉ်ထုတ်လုပ်မှု ခေတ်စားလာခဲ့သည်။ ဂျစ်ပနီ မော်တော်ယာဉ်ထုတ်လုပ်ရေးလုပ်ငန်းကို အမျိုးအစားနှစ်ရပ် ခွဲခြားနိုင်သည်။ ပထမအမျိုးအစားမှာ ပုဂ္ဂလိကအနေဖြင့် တစ်နိုင်တစ်ပိုင် ထုတ်လုပ်ခြင်းဖြစ်သည်။ တစ်လလျှင် ဂျစ်ပနီမော်တော်ယာဉ်တစ်စီးမှ ငါးစီးအထိ ထုတ်လုပ်သည့် ပုဂ္ဂလိကကားထုတ်လုပ်ရေးလုပ်ငန်းများရှိသည်။ ဒုတိယအမျိုးအစားမှာ စက်မှုလုပ်ငန်းတစ်ရပ်အဖြစ် စီးပွားဖြစ် တွင်တွင်ကျယ်ကျယ် ထုတ်လုပ်ခြင်းဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံ စီဘူးစီးတီးနှင့် ကာဗိုက်မြို့တို့သည် ဂျစ်ပနီမော်တော်ကား အဓိကထုတ်လုပ်ရာ မြို့ကြီးများဖြစ်ကြသည်။

သို့ရာတွင် မကြာသေးမီကာလမှစ၍ ဂျစ်ပနီ မော်တော်ယာဉ်များ ရောင်းချရမှု ကျဆင်းလာသည်။ အရောင်းကျဆင်းမှုနှင့်အတူ ပုဂ္ဂလိကထုတ်လုပ်မှုလုပ်ငန်းကျဆင်းကာ လုပ်ငန်းရပ်စဲရသည်များ ရှိလာသည်။

ခရီးသည်တင် ဂျစ်ပနီမော်တော်ယာဉ်များသည် လေထုညစ်ညမ်းမှုလျှော့ချရေးဆိုင်ရာ စည်းမျဉ်းသစ်များအရ ချုပ်ချယ်ကန့်သတ်မှုများနှင့် ပိုမိုတွေ့ကြုံလာရသည်။ ခရီးသည်ဦးရေပိုဆံ့သော လေအေးစက်တပ် ဘတ်စ်ကားကြီးများ ခေတ်စားလာခြင်းကြောင့်လည်းကောင်း၊ အဓိကကျသောလမ်းမကြီးများပေါ်တွင် ခရီးသည်များကို စောင့်တင်ခြင်းဖြင့် လမ်းပိတ်ဆို့မှုများ ဖြစ်ပေါ်ခြင်းကြောင့်လည်းကောင်း၊ လောင်စာဆီဈေးနှုန်း ကြီးသောယနေ့ကာလတွင် ဆီစားမှုနှုန်းမြင့်မားခြင်းကြောင့်လည်းကောင်း မြို့တော်မနီလာနှင့် အခြားမြို့ကြီးများတွင် ဂျစ်ပနီကားသုံးစွဲမှုကို ပိတ်ပင်ရန် ဖိအားပေးမှုများ များပြားလာပြီဖြစ်သည်။

အင်တာနက်

ပြည်ပအားကစားသတင်း

ယူအီးအက်ဖ်အေဖလား အကြိုဗိုလ်လုပွဲ ပထမအကျော့ပွဲများ ယှဉ်ပြိုင်ကစား

ဘူခါရက် ဧပြီ ၂၁

ယူအီးအက်ဖ်အေဖလား ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပထမအကျော့ပွဲစဉ်အဖြစ် စတူအာဘူခါရက်အသင်းနှင့် မစ်ဒယ်ဘရော့အသင်းတို့ ရိုမေးနီးယားနိုင်ငံမြို့တော် ဘူခါရက်တွင် ကြာသပတေးနေ့က ယှဉ်ပြိုင်ကစားကြရာ အိမ်ရှင်အသင်းက အင်္ဂလန်ကလပ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

ထိခိုက်ဒဏ်ရာရရှိထားသော ဘောလုံးသမားများရှိနေသော မစ်ဒယ်ဘရော့အသင်းသည် ပွဲချိန် မိနစ် ၃၀ တွင် ဂိုးပေးလိုက်ရသည်။ စတူအာဘူခါရက် ကွင်းလယ်ကစားသမား နီကိုးလ်ဒီကာက ပြစ်ဒဏ်ဘောကို ဧရိယာအစပ်မှ ကန်သွင်းခဲ့ရာ မစ်ဒယ်ဘရော့ဂိုးသမား ရှဝါဇာ ကာကွယ်နိုင်ခြင်းမရှိပေ။ သို့ရာတွင် ရှဝါဇာသည် နောက်ပိုင်းတွင် ထပ်မံဂိုးသွင်းခံရခြင်း မရှိစေရန် လှလှပပကာကွယ်နိုင်ခဲ့သည်။

အကြိုဗိုလ်လုပွဲ ဒုတိယအကျော့ပွဲစဉ်အဖြစ် ဧပြီ ၂၇ ရက်တွင် အင်္ဂလန်ရှိ ရေးဗားဆိုက် ကွင်းတွင် ကျင်းပမည်ဖြစ်သည်။ မစ်ဒယ်ဘရော့အသင်းသည် အိမ်ရှင်အသင်းအဖြစ် ယှဉ်ပြိုင်ကစားသည့်အခါ ကြိုးကြိုးစားစား ကစားရမည်ဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

ရှော်ကေး ၀၄-ဆီဗီလာ

ယူအီးအက်ဖ်အေ အကြိုဗိုလ်လုပွဲ ပထမအကျော့အဖြစ် ရှော်ကေး ၀၄ဘောလုံးအသင်းနှင့် ဆီဗီလာဘောလုံးအသင်းတို့ ကြာသပတေးနေ့က ယှဉ်ပြိုင်ကစားရာ ဂိုးမရှိ သရေကျခဲ့သည်။

ဂျာမနီနိုင်ငံ ဂျယ်ဆန်ကာချန်မြို့တွင် ကျင်းပသည့် ယင်းပွဲတွင် အိမ်ရှင် ဂျာမနီကလပ်အသင်းက ဧည့်သည် စပိန်ကလပ်အသင်းကို အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ရသည်။

ယခုပွဲတွင် ဆီဗီလာအသင်းမှ တိုက်စစ်မှူး ပေါင်တွင်ဒဏ်ရာရရှိခြင်းကြောင့် လာမည့်ရက်သတ္တပတ်တွင် ကျင်းပမည့် ဒုတိယအကျော့ပွဲတွင် ပါဝင်ယှဉ်ပြိုင်နိုင်မည်မဟုတ်ပေ။

အင်တာနက်

ဧပြီ ၂၀ ရက်က ဘူခါရက်မြို့တွင် ကျင်းပသည့် ယူအီးအက်ဖ်အေဖလား အကြိုဗိုလ်လုပွဲ ပထမအကျော့တွင် မစ်ဒယ်ဘရော့အသင်းမှ အူဂိုအီအိုဂူး(ဝဲ)က စတူအာဘူခါရက်အသင်းမှ နီကိုလိုင်ဒိုင်ကာ၏ ခြေတွင် ရှိနေသော ဘောလုံးကို ဖျက်ထုတ်ရန်ကြိုးပမ်းစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ရွှေခါးပတ်ချန်ပီယံပြိုင်ပွဲ နွှဲမည့် မြန်မာ့ရိုးရာ လက်ဝှေ့အဖွဲ့များ

လေ့လာတင်ပြသူ–ဇင်လင်းထွန်း (ခနဲဖြူ)

ရန်ကုန် ဧပြီ ၂၁

မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ်ကို အသစ်ပြန်လည်ဖွဲ့စည်းခဲ့ပြီးနောက် ပထမဆုံးခြေလှမ်းအဖြစ် ယခင်က နှစ်ကြိမ်ကျင်းပပြီး ရပ်ဆိုင်းထားသော ရွှေခါးပတ်ချန်ပီယံ တံခွန်စိုက်ရိုးရာလက်ဝှေ့ပြိုင်ပွဲကို ပြန်လည်ကျင်းပတော့မည်ဖြစ်သည်။

ရန်ကုန်မြို့တွင် ကျင်းပမည့် အဆိုပါပြိုင်ပွဲတွင် မြန်မာ့ရိုးရာ လက်ဝှေ့အားကစား၏ ဝိတ်တန်းအလိုက် ချန်ပီယံများ ရွေးချယ်ဖော်ထုတ်မည့်

ရွှေခါးပတ် ချန်ပီယံ တံခွန်စိုက်ပွဲ ဆင်နွှဲမည့် မြိုင်ကလေး ဘီလပ်မြေစက်ရုံ ရိုးရာလက်ဝှေ့ အဖွဲ့မှ City FM အောင်လံဆုရှင် ရိုးရာလက်ဝှေ့ကျော် စစ်သွေး။

အထင်ကရ ပွဲကြီးဖြစ်သဖြင့် ပြည်နယ်နှင့် တိုင်း ဒေသအသီးသီးရှိ ရိုးရာလက်ဝှေ့အကျော်အမော်များ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ဝိတ်တန်းကိုးတန်းရှိရာတွင် ဝိတ်တန်းတစ်ခုအတွက် ကွာတားဖိုင်နယ်၊ ဆီမီးဖိုင်နယ်၊ ဗိုလ်လုပွဲဟူ၍ အဆင့်ဆင့်ယှဉ်ပြိုင်ရမည်ဖြစ်ရာ ပြိုင်ပွဲကို မေ ၆ရက်နှင့် ၇ရက်တွင် ကွာတားဖိုင်နယ်၊ မေ ၁၃ရက်နှင့် ၁၄ရက်တွင် ဆီမီးဖိုင်နယ်နှင့် မေ ၂၁ရက်တွင် ဗိုလ်လုပွဲ ကျင်းပမည်။ ပြိုင်ပွဲကာလသုံးပတ်မျှ အမျိုးသား အားကစားရုံ(၁)၊ သုဝဏ္ဏတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲတွင် ရွှေခါးပတ်လက်ဝှေ့ချန်ပီယံ အများဆုံးမွေးထုတ်ပေးနိုင်သောအဖွဲ့အား တံခွန်စိုက်ဆုချီးမြှင့်မည်ဖြစ်သောကြောင့်လည်း ရိုးရာလက်ဝှေ့အဖွဲ့များက အထူးလုံ့လစိုက်ပြင်ဆင်လျက်ရှိကြသည်။ ပြိုင်ပွဲဝင်မည့်အဖွဲ့များ၏ အနေအထားကို ရိုးရာလက်ဝှေ့ချစ် ပရိသတ်အား တင်ပြနိုင်ရန်အတွက် ကြေးမုံက သွားရောက် လေ့လာပြီး တင်ပြလိုက်ပါသည်။

KLM ရိုးရာ လက်ဝှေ့အဖွဲ့

ရန်ကုန်မြို့ ကမ္ဘာအေး ဝါယာလက်(၃)လမ်းတွင် တည်ရှိသော KLM ရိုးရာ လက်ဝှေ့အဖွဲ့သည် လက်ရှိရိုးရာလက်ဝှေ့အဖွဲ့များတွင် သက်တမ်းအရင့်ဆုံးအဖွဲ့ဖြစ်ပြီး ယခင်ပြိုင်ပွဲ နှစ်ရပ်၌ ရွှေခါးပတ်ချန်ပီယံများ ပေါ်ထွက်ခဲ့သည့် အစဉ်အလာကောင်း ရှိထားသည်။ နာယက ဦးမြင့်စိုး (KLM Group)၊ ဥက္ကဋ္ဌ ကိုစိုးသန်းဝင်း၊ နည်းပြကိုကျော်စိုး တို့၏ ဦးဆောင်စီမံသင်ကြားမှုများဖြင့် စောဖွဲ့လေး၊ စောသဲမျိုး၊ စောဇော်လွင်၊ ထစ်ချုန်း၊ ဝမ်ရှို၊ ရွှေဖလား၊ စောသဲမင်း၊ ချန်ဒူးဝမ် စသော လက်ဝှေ့သမားတို့က ၎င်းတို့ ဝိတ်တန်းအလိုက် ချန်ပီယံဖြစ်ရေးအတွက် နံနက်နှင့်ည လေ့ကျင့်လျက်ရှိနေကြသည်။

စောသဲမျိုးသည် ယခင်ပြိုင်ပွဲတွင် KLM အဖွဲ့မှပင် ရွှေခါးပတ်ချန်ပီယံဖြစ်ခဲ့ပြီး ယခုလည်း နိုင်ပွဲဆက်ကာ ငယ်မူငယ်သွေး ပြလျက်ရှိနေသဖြင့် ၎င်း၏ ဝိတ်တန်း၌ ထပ်ဆင့် ချန်ပီယံဖြစ်နိုင်ရန် မျှော်လင့်ရပေသည်။ စောဖွဲ့လေးသည် မတ် ၁၇ ရက်က ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ပြိုင်ဘက် ကရာတေးဒို ချန်ပီယံအား ပထမအချီ၌ အလဲထိုးခဲ့ပြီးနောက် ပြည်တွင်း ပြိုင်ပွဲနှစ်ရပ်တွင်လည်း ပြိုင်ဘက်များကို ပထမအချီ၊ တတိယအချီများ၌ အလဲထိုးခဲ့သူဖြစ်ရာ လာမည့်ပြိုင်ပွဲတွင် KLMအဖွဲ့က အားထားရမည့်သူဖြစ်သည်။

ဂျပန် ကရာတေးဒို ချန်ပီယံကို ပထမအချီ၌ အလဲထိုးခဲ့သူ KLM လက်ဝှေ့အဖွဲ့မှရိုးရာ လက်ဝှေ့ကျော် စောဖွဲ့လေး။

ဘီလပ်မြေစက်ရုံလက်ဝှေ့အဖွဲ့

ဘားအံမြို့ မြိုင်ကလေးရှိ ဘီလပ်မြေစက်ရုံ ရိုးရာလက်ဝှေ့ အဖွဲ့သည် လက်ဝှေ့သမားအင်အား တောင့်တင်းရုံမျှမက လက်ဝှေ့သမားတိုင်းကလည်း နယ်မရှောင်ဘဲ အောင်ပွဲအလီလီ ရရှိထားသူများ ဖြစ်ကြသည်။ နည်းပြဆရာမိုးပုလဲ၏ သင်ကြားပြသမှုများဖြင့် ကျော်ငြိမ်း၊ အောင်ဇေယျ၊ တာတိုးဝါး၊ ဘီလပ်မြေမောင်မောင်၊ ဘီလပ်မြေစတား၊ သတ္တိအောင်၊ စစ်သွေး၊ ရွှေကျည်ဆံနှင့် အဖွဲ့သားအားလုံးတို့က ရွှေခါးပတ်ချန်ပီယံအဖြစ် ကိုယ်တိုင် ဂုဏ်ဝင့်နိုင်ပြီး မိခင်လက်ဝှေ့အဖွဲ့ တံခွန်စိုက်ဆုဖြင့် ဂုဏ်တင့်နိုင်ရေးအတွက် အားကြိုးမာန်တက် လေ့ကျင့်လျက်ရှိနေသည်။

ဘီလပ်မြေစက်ရုံ ရိုးရာလက်ဝှေ့အဖွဲ့သားများသည် အိပ်ဆောင်၊ စားဖိုဆောင်၊ ကျယ်ဝန်းသော လေ့ကျင့်ကွင်း၊ အခိုင်အမာ တည်ဆောက်ထားသော ကြိုးဝိုင်းစင်၊ လေ့ကျင့်ထောက်ကူပစ္စည်း အစုံအလင်ဖြင့် စနစ်တကျလေ့ကျင့်ရင်း ပြိုင်ပွဲများကိုလည်း အလျဉ်မပြတ် ယှဉ်ပြိုင်လျက်ရှိနေရာ လေ့ကျင့်သားရရုံမက ပြိုင်ပွဲရည်ဝကာ ထုသားပေသား ကျနေသူများဖြစ်သည့်အတွက် ပြိုင်ဘက် လက်ဝှေ့သမားတို့အထူး သတိထားရမည့်သူများ ဖြစ်သည်။

၎င်းအဖွဲ့မှ ကျော်ငြိမ်းသည် ပြီးခဲ့သည့် မတ်လက ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ဂျပန် ကရာတေးသမား အီရှိဂိုရိအား ငါးချီအပြည့်ထိုးသတ်ကာ သရေပွဲရခဲ့သူဖြစ်သည်။ စစ်သွေးကလည်း City FM ဒုတိယအကြိမ် အောင်လံဆု၊ ကယ်လ်ဆမ်ကွေကာ အကောင်းဆုံးလက်ဝှေ့သမားဆု၊ ဂန္ထဝင် ကျားဘညိမ်းဆုများ ရရှိထားသူဖြစ်၍ ယခုပြိုင်ပွဲတွင် ၎င်းဝိတ်တန်း၌ ရွှေခါးပတ်ဆင်မြန်းခွင့်ရမည်ဟုလည်း သုံးသပ်နိုင်ပေသည်။

ဇာနည်မောင် လက်ဝှေ့အဖွဲ့

ဘားအံမြို့အမှတ်(၂) ရပ်ကွက်ရှိ ဇာနည်မောင် ရိုးရာလက်ဝှေ့အဖွဲ့၏ နည်းပြဆရာ ရိုးရိုးထွေး(ခ) မောင်ကျော်သည် နာမည်ကျော်ဝမ်ချိုင်း၊ ရွှေဆိုင်း၊ စောငမန်းတို့အားသင်ကြားပြသပေးခဲ့သူဖြစ်ရာ၎င်းအဖွဲ့မှ စောငမန်း၊ ဝမ်းစတား၊ ကိုကိုဝင်း၊ သံချောင်းတို့သည်လည်း ရွှေခါးပတ်ရှင် ဖြစ်နိုင်ချေရှိသူများဟု ယူဆရပေသည်။

တောင်ကလေးလက်ဝှေ့အဖွဲ့

ဘားအံမြို့ ဇွဲကပင်တောင်ခြေအနီးတွင် တည်ရှိသော တောင်ကလေးရိုးရာ လက်ဝှေ့အဖွဲ့သည်လည်း နည်းပြဆရာ စောရီလေး၏ သင်ကြားပြသမှုကြောင့် တောက်ပသည့် ရိုးရာလက်ဝှေ့ ကြယ်ပွင့်များ ပေါ်ထွက်နေသည့် အဖွဲ့ဖြစ်ရာ ယခုပြိုင်ပွဲ ဝိတ်တန်းအလိုက် ရွှေခါးပတ်ရှင် ပေါ်ထွက်လာနိုင်ပေသည်။

စောရီလေးသည် ထူးခြားလှသည့် ဗလာဒူးတိုက်ဟန်ဖြင့်သူ့ခေတ်သူ့အခါက နာမည်ကျော် လက်ဝှေ့သမားတစ်ဦးဖြစ်ခဲ့ရာ ၎င်း၏ကလပ်မှ လက်ဝှေ့သမားများတွင်လည်း ကိုယ်ပိုင်ဟန်များ ရှိနေကြသည်ကိုတွေ့ရ၏။ သို့ဖြစ်၍ ကြယ်လင်းအောင်၊ ဈာန်ထူး၊ သားရွှေသွေး၊ စောလူမင်း၊ လူလေးအောင်၊ နေစိုးအောင်၊ ချစ်ချစ်ဇော် အစရှိသော လက်ဝှေ့သမားတို့၏ တစ်မူထူးခြားသော သတ်လုံး သတ်ကွက်များဖြင့် ပြိုင်ပွဲဝင်ပုံကို အားပါးတရကြည့်ရှုခွင့်ရကြမည်ဖြစ်သည်။

ရွှေခါးပတ်တံခွန်စိုက် လက်ဝှေ့ပြိုင်ပွဲကို Main Sponsor အဖြစ် Myanmar Towards Co., Ltd. က ပံ့ပိုးပြီး Co Sponsor များအဖြစ် Summit Plastic နှင့် ထက်လင်းတို့က ကူညီပံ့ပိုးပေးမည်ဖြစ်ကြောင်း သိရသည်။ ။

ရွှေခါးပတ်ချန်ပီယံ တံခွန်စိုက် မြန်မာ့ရိုးရာ လက်ဝှေ့ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင် အစွမ်းပြကာ ရွှေခါးပတ် ဆွတ်ခူးနိုင်ရေး လေ့ကျင့်ပြင်ဆင်နေသည့် KLM ရိုးရာ လက်ဝှေ့အဖွဲ့မှ လက်ဝှေ့ကျော်များ။

ကိုယ်ပွား သတင်းစာတိုက် (မန္တလေး)၌ မြန်မာနှစ်သစ်ကူး အန္တရာယ်ကင်း ပရိတ်တရားတော် ရွတ်ပွားပူဇော်ပွဲ ကျင်းပစဉ်။ (သတင်းစဉ်)

ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)၌ အန္တရာယ်ကင်းပရိတ်တရား ရွတ်ပွား

ရန်ကုန် ဧပြီ ၂၁

မြန်မာနှစ်သစ်ကူး အန္တရာယ်ကင်းပရိတ်တရားတော် ရွတ်ပွားပူဇော်ပွဲကို ဧပြီ ၁၇ရက် (မြန်မာနှစ်ဆန်းတစ်ရက်နေ့) ညနေ ၅နာရီတွင် မန္တလေး အောင်မြေသာစံမြို့နယ် ပုလဲငွေရောင် ရပ်ကွက်ရှိ ကိုယ်ပွားသတင်းစာတိုက် (မန္တလေး) ရုံးရှေ့၌ ကျင်းပရာ မန္တလေး ချမ်းအေးသာစံမြို့နယ် ဝါခင်းကုန်း ဝိဇယာရာမ ရာကျော်ကျောင်းတိုက် ပဓာန နာယက ဆရာတော် ဘဒ္ဒန္တဝိဇယ ထံမှ ပရိသတ်တို့က ငါးပါးသီလခံယူဆောက်တည်ကြသည်။

ယင်းနောက် ဆရာတော် သံဃာတော်များက အန္တရာယ်ကင်းပရိတ်တရားတော်များနှင့် ကမ္မဝါများကို ရွတ်ပွားချီးမြှင့်တော်မူကြသည်။ ထို့နောက် ဆရာတော် သံဃာတော်များအား စာတည်းမှူးနှင့်တာဝန်ရှိသူတို့က လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော်ထံမှ ရေစက်ချတရားနာယူကြကာ လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

မြန်မာသက္ကရာဇ် ၁၃၆၇ ခုနှစ် ဧပြီ ၁၆ရက် (မြန်မာသင်္ကြန်အတက်နေ့) မွန်းလွဲပိုင်းတွင် ကိုယ်ပွားသတင်းစာတိုက်(မန္တလေး) စာတည်းမှူးနှင့် ဝန်ထမ်းများစုပေါင်း၍ တိုးမြှင့်ခံစားရရှိမည့် လစာငွေမှ လာဘ်ဦးအလှူအဖြစ် မင်းကွန်းဗုဒ္ဓဘာသာဘိုးဘွားရိပ်သာသို့ ငွေပဒေသာပင် ငွေကျပ် ၇၅၀၀၀ကို စိုက်ထူလှူဒါန်းကုသိုလ်ပြုကြသည်။

မြန်မာနှစ်ဆန်းတစ်ရက်နေ့ ညနေ ၅နာရီခွဲတွင်လည်း ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်လုပ်ငန်း (အထက်မြန်မာပြည်ရုံးခွဲ)မှ ဝန်ထမ်းမိသားစုများက ဆရာတော်များအား ပင့်ဖိတ်၍ အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ပွားပူဇော်ပွဲကျင်းပသည်။ (သတင်းစဉ်)

မြန်မာသတင်းအချက်အလက်နှင့်ဆက်သွယ်ရေး နည်းပညာ ရက်သတ္တပတ် (၂၀၀၆) ကျင်းပမည်

ရန်ကုန် ဧပြီ ၂၁

မြန်မာသတင်း အချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာပြပွဲ (ICT Exhibition) ကို ဧပြီ ၂၈ရက်မှ ဧပြီ ၃၀ရက်အထိ နေ့စဉ် နံနက် ၉နာရီမှ ညနေ ၅နာရီအထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဝင်ကြေးအခမဲ့ဖြင့် အများပြည်သူကို ပြသထားမည်ဖြစ်သည်။

အလုပ်ရုံဆွေးနွေးပွဲများ၊ ဟောပြောပွဲများ၊ အိုင်စီတီဆိုင်ရာ ပစ္စည်းသစ်မိတ်ဆက်ပွဲနှင့် ဝန်ဆောင်မှုဆိုင်ရာ ဟောပြောပွဲများကို ဧပြီ ၂၈ရက်မှ မေ ၄ရက်အထိ လှိုင်မြို့နယ် Myanmar Info-Tech ၌ ကျင်းပမည်ဖြစ်သည်။

ထို့အပြင် Programming နှင့် Web Development ပြိုင်ပွဲများ ကျင်းပမည်ဖြစ်ရာ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ပါဝင်ယှဉ်ပြိုင်လိုသူများသည် ဧပြီ ၂၇ရက် ညနေ နောက်ဆုံးထားပြီး မြန်မာကွန်ပျူတာ ပညာရှင်အသင်း ဖုန်း –၆၅၂၂၇၆ သို့ စာရင်းပေးသွင်းနိုင်သည်။

အိုင်စီတီဆိုင်ရာ ကုန်ပစ္စည်း မိတ်ဆက်ပွဲနှင့် ဝန်ဆောင်မှုဆိုင်ရာ ဟောပြောပွဲများကို ကျင်းပလိုသော ကုမ္ပဏီများသည် ဧပြီ ၂၆ ရက် နောက်ဆုံးထား၍ Myanmar Info-Tech လှိုင်မြို့နယ် ရန်ကုန်မြို့ ဖုန်း– ၆၅၂၂၇၂၊ ၆၅၂၂၇၄ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်သည်။ (သတင်းစဉ်)

အင်အားအလွန်ပြင်းထန်သော မြေငလျင်တစ်ခုလှုပ်ရှား

ရန်ကုန် ဧပြီ ၂၁

၂၀၀၆ ခုနှစ် ဧပြီ ၂၁ရက် မြန်မာစံတော်ချိန် ဝ၆နာရီ ဝ၅မိနစ် ၃၆ စက္ကန့် အချိန်တွင် ကမ္ဘာအေး မြေငလျင်စခန်းမှ အရှေ့မြောက်ဘက် ၄၅၇ဝ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံပြင်ပ (ကိုရာကီယာဒေသ၊ ရုရှားနိုင်ငံ)ကို ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၇ဒသမ၇အဆင့်ရှိ အင်အားအလွန်ပြင်းထန်သော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း သက်ဆိုင်ရာမှ ထုတ်ပြန်သည်။

မုဒုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူတို့ပူးပေါင်းဆောင်ရွက်ခဲ့သည့် မုဒုံ–ကော့ပရံကျေးလက်လမ်းနှင့် တံတားသစ်ဖွင့်ပွဲကို မတ် ၂၅ရက်က ကျင်းပရာ မြို့နယ်စည်ပင်သာယာ အမှုဆောင်အရာရှိ ဦးဖုန်းလွင်က လမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်သန်းအား အထိမ်းအမှတ်အလံ ပေးအပ်စဉ်။ (၂၅၇)

ဒုတိယအကြိမ် ကြည့်မြင်တိုင်ကျောင်းကြီးတိုက် မဟာသကျမုနိရုပ်ပွားတော်မြတ်ကြီး နှစ်ဦးဓမ္မသဘင် အထူးတရားပွဲ

"သစ်ဆန်းကြားနာ၊စင်ကြယ်စွာသား"
ယုံမှားပယ်တတ်၊ ဖြောင့်မတ်ယူမြင်၊
စိတ်ကြည်လင်ရိုး၊ ဤငါးမျိုးသည်
တရားနာရာ အကျိုးတည်း။ ။

အင်္ဂုတ္တိုရ်ပါဠိတော်တွင် ဗုဒ္ဓဘုရား ဟောကြားတော်မူသည့်အတိုင်း ဘုရားရှင်၏ တရားတော်များကို ရိုသေစွာကြားနာရသူတိုင်း အထက်ပါအကျိုးတရားငါးပါးတို့ဖြင့် ပြည့်စုံကြစေရန် စိတ်ရည်သန်၍ ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ကျောင်းကြီးတိုက်အတွင်း ကိန်းဝပ်စံပယ်လျက်ရှိသော မဟာသကျမုနိ ရုပ်ပွားတော်မြတ်ကြီး၏ ဒုတိယအကြိမ် နှစ်ဦးဓမ္မသဘင် အထူးတရားပွဲကိုတစ်ဖက်ပါအတိုင်း ဆင်ယင်ကျင်းပမည်ဖြစ်ပါ၍ သဒ္ဓါတရား ဦးထိပ်ထားလျက် တရားနာကြွရောက်ပါရန် ကောင်းမြတ်သော မနသီ၊ ရှင်ကြည်သော စိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

ဟောကြားမည့်ဆရာတော်ကြီးများ	ဟောကြားမည့်နေ့ရက်	အထူးတရားပွဲအစီအစဉ်
အရှင်ဇဝန (မေတ္တာရှင်၊ ရွှေပြည်သာ) မန္တလေးကျောင်းတိုက်၊ ရွှေပြည်သာမြို့နယ်	၁၃၆၈ ခု၊ ဦးတန်ခူးလပြည့်ကျော်(၁၀)ရက် စနေနေ့ (၂၂–၄–၂၀၀၆)	**ကျင်းပမည့်နေ့ရက်** ၁၃၆၈ ခု၊ ဦးတန်ခူးလပြည့်ကျော်(၉)ရက်နေ့မှ (၁၁)ရက်နေ့အထိ ၂၀၀၆ ခုနှစ်၊ ဧပြီ(၂၁)ရက်နေ့မှ (၂၃)ရက်နေ့အထိ **ကျင်းပမည့်နေရာ** မဟာသကျမုနိရုပ်ပွားတော်မြတ် ဂန္ဓကုဋိတန်ဆောင်းတော်ကြီး၊ ကျောင်းကြီးတိုက်၊ ကျောင်းကြီးလမ်း၊ ကြည့်မြင်တိုင်မြို့နယ် **ကျင်းပမည့်အချိန်** ညစဉ်(၇း၀၀)နာရီ
ပထမကျော် ဓမ္မာစရိယ အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ)	၁၃၆၈ ခု၊ ဦးတန်ခူးလပြည့်ကျော်(၁၁)ရက် တနင်္ဂနွေနေ့ (၂၃–၄–၂၀၀၆)	

နှစ်ဖက်သော မိဘများအား အမှူးထား၍ ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ၂၇ လမ်းနေ ဦးလှဖေ–ဒေါ်ခင်ခင် မိသားစုက ဒဂုံမြို့နယ်၊ အမှတ် (၁၂)၊ စကားဝါလမ်း၊ မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော် ငွေကျပ် လေးသိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တ ပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ (ရန်ကုန်ဌာန) ဒုတိယဥက္ကဋ္ဌ ဆရာကြီး ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။
(ကြေးမုံ)

ဇေယျဝတီ ဆရာတော် မိုးကုတ်ဝိပဿနာ တရားစခန်း

ရန်ကုန် ဧပြီ ၂၁

ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် အမှတ်(၅) မေခလမ်း မိုးကုတ်ဝိပဿနာ နိဗ္ဗာန်ရွှေဂူ တောရရိပ်သာ ပဓာန နာယက ဇေယျဝတီဆရာတော် ဘဒ္ဒန္တသောဘန (ဓမ္မာစရိယ၊ ဘီအေ)သည် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါးတရားတော်များကို မေ ၃ရက်အထိ ရှမ်းပြည်နယ် (တောင်ပိုင်း)နမ့်စန်မြို့ မိုးကုတ် ဝိပဿနာဓမ္မရိပ်သာ၌လည်းကောင်း၊ မေ ၁၀ ရက်မှ ၁၆ ရက်အထိ ဇေယျဝတီမြို့ ဓမ္မာရုံကျောင်း၌လည်းကောင်း၊ မေ ၂၁ရက်မှ ၃၀ရက်အထိ ကော့သောင်းမြို့ အေးမြကန်သာရပ် ဦးမောင်လှချောင် နှစ်မိုင်ရှိ မြတ်ဗုဒ္ဓဒေသနာဝိမလကာရီ ဓမ္မရိပ်သာ၌လည်းကောင်း၊ ဇွန် ၅ရက်မှ ၁၄ရက်အထိ ရန်ကုန်မြို့ အမှတ်(၈၂) နတ်မောက်လမ်း ဗဟန်း မိုးကုတ်ဝိပဿနာဓမ္မရိပ်သာအဖွဲ့ချုပ်၌လည်းကောင်း၊ ဇွန် ၁၈ရက်မှ ၂၄ရက်အထိ မိတ္ထီလာမြို့ ကန်ဦးရပ် ကျောင်းသစ်ကျောင်း မိုကုတ်ဝိပဿနာ ဓမ္မရိပ်သာအဖွဲ့ခွဲ အမှတ် (၁၂၉)၌လည်းကောင်း၊ ဇွန် ၂၅ ရက်မှ ဇူလိုင် ၁ရက်အထိ သာစည်မြို့နယ် ရွှေလုံရွာ ရွှေလုံတိုက်ကျောင်း၌လည်းကောင်း သစ္စာလေးပါးတရားတော်များ ဟောကြားမည်ဖြစ်ကြောင်းသိရသည်။ (က–ပ)

ပြည်သူ့ထံမှပေးစာ

သားသတ်လုပ်ငန်း ဖယ်ရှားပေးသင့်

စာတည်းခင်ဗျား–

သထုံမြို့နယ် ကျိုက္ကော်ကျေးရွာ၊ ကျိုက္ကော် ဈေးဝင်းအနီး၌ သားသတ်လုပ်ငန်း လုပ်ကိုင်လျက်ရှိပါသည်။

အဆိုပါ သားသတ်လုပ်ငန်းမှ အော်သံများနှင့် အနံ့အသက်ဆိုးများကို နေ့စဉ်ကြားသိ ရှူရှိုက်နေရပါသည်။ သို့ပါ၍ ကျိုက္ကော် ဈေးသူ၊ သားများနှင့် ပတ်ဝန်းကျင် နေပြည်သူများ စိတ်အနှောင့်အယှက်ဖြစ်မှုမှ ကင်းဝေးစေရေးအတွက် အဆိုပါ သားသတ်လုပ်ငန်းအား သင့်တော်သည့်နေရာသို့ ပြောင်းရွှေ့ပေးပါရန် တင်ပြအပ်ပါသည်။ **ဈေးသူ၊ ဈေးသားများ**

လောင်စာဆီသိုလှောင်ရောင်းဝယ်မှု တားဆီးပေးပါ

စာတည်းရှင့်–

ရန်ကုန်တိုင်း၊ သဃ်ာန်းကျွန်းမြို့နယ်၊ သုဝဏ္ဏမြို့ ပေါ်ဆန်းမွှေးလမ်းနှင့် ဓမ္မာရုံလမ်းထောင့်တွင် တရားမဝင်လောင်စာဆီများကို သိုလှောင်ရောင်းဝယ်နေပါသဖြင့် မီးဘေးအန္တရာယ် စိုးရိမ်နေရပါသည်။

အဆိုပါလောင်စာဆီ သိုလှောင်ရောင်းဝယ်နေသူများကို သက်ဆိုင်ရာမှ လိုအပ်သလို တားဆီးဖယ်ရှားပေးပါရန်တင်ပြအပ်ပါသည်။ **မီးဘေးစိုးရိမ်သူ**

လောင်းကစားဝိုင်း အရေးယူပေးစေလို

စာတည်းခင်ဗျား–

မန္တလေးတိုင်း ရမည်းသင်းမြို့နယ် ကန်အောက်ကျေးရွာရှိ အိမ်တစ်အိမ်တွင် ညစဉ်လောင်းကစားဝိုင်း ပြုလုပ်နေပါသဖြင့် ကျေးရွာသားများ အကျင့်စာရိတ္တပျက်စီးလျက်ရှိပါသည်။

သို့ပါ၍ သက်ဆိုင်ရာမှ လောင်းကစားသူများအား အရေးယူပေးပါရန် တင်ပြအပ်ပါသည်။ **ကန်အောက်ရွာသားများ**

ရေမြောင်းပိတ်ဆို့မှု ရှင်းလင်းပေးပါ

စာတည်းခင်ဗျား–

သဃ်ာန်းကျွန်းမြို့နယ် သုမင်္ဂလာအိမ်ရာ (၂)ဝင်းအတွင်းရှိ ရေမြောင်းများတွင် အမှိုက်နှင့်နုန်းများ ပိတ်ဆို့နေခြင်းကြောင့် မိုးကာလ၌ မြေညီထပ်အခန်းများသို့ ရေဆိုးရေပုပ်များ ဝင်ရောက်လေ့ရှိပါသည်။ သို့ပါ၍ ပွင့်လင်းရာသီမကုန်မီ အမှိုက်နှင့်နုန်းများကို ရှင်းလင်းဆယ်ယူပေးပါရန် တင်ပြအပ်ပါသည်။ **သုမင်္ဂလာသား**

သစ်ခွဲစက်သံကြောင့် အနှောင့်အယှက်ဖြစ်နေ

စာတည်းခင်ဗျား–

ရန်ကုန်တိုင်း၊ ရွှေပြည်သာမြို့နယ်၊ (၈)ရပ်ကွက်၊ ကနောင်ပန်းခြံ ဘုရင့်နောင်လမ်းမ (နဝရတ်လမ်းနှင့် မင်းရဲကျော်စွာလမ်းကြား)ရှိ သစ်ခွဲစက်ကြီး တစ်ခုသည် နေ့ရောညပါ သစ်ခွဲလျက်ရှိခြင်း၊ အချိန်မတော် သစ်များ ပြောင်းရွှေ့နေရာချနေခြင်းတို့ကြောင့် ပတ်ဝန်းကျင်နေ ပြည်သူများအနေဖြင့် ညဘက်တွင်လည်း ကောင်းစွာမအိပ်ကြရပါ။ သို့ပါ၍ သက်ဆိုင်ရာမှ လိုအပ်သလို ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **(၈)ရပ်ကွက်သားများ**

လမ်းမပေါ်မှ ကျူးကျော်ဈေးဆိုင်များ ရှင်းလင်းဖယ်ရှားပေးသင့်

စာတည်းရှင့်–

ရေနံချောင်းမြို့ မြို့မဈေးကြီး၏ အနောက်ဘက်လမ်းနှင့် ကမ္ဘောဇလမ်း တစ်လျှောက်တွင် တိုက်ခန်းနေသူအချို့သည် လမ်းမပေါ်အထိ အဆောက်အအုံ အခိုင်အမာ တိုးချဲ့ဆောက်လုပ်၍ ဈေးရောင်းချလျက်ရှိနေပါသဖြင့် လမ်းသွားလမ်းလာများ အခက်အခဲတွေ့ကြရပါသည်။ သို့ပါ၍ အဆိုပါဆိုင်များအား စည်းကမ်းနှင့်အညီ ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **ရေနံချောင်းသူ**

ပြည်သူ့ထံမှ ပေးစာ ပေးပို့လိုပါလျှင်

ပြည်သူ့ထံမှ ပေးစာကဏ္ဍသို့ ပေးပို့လိုပါက ပေးပို့သူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသားဖော်ပြ၍ ပြည်သူ့ထံမှ ပေးစာကဏ္ဍ၊ ကြေးမုံသတင်းစာတိုက်၊ အမှတ် (၇၇)၊ (၅၂)လမ်း (မဟာဗန္ဓုလလမ်းထောင့်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူ ပေးပို့နိုင်ပါသည်။

အနိမ့်ပိုင်းရပ်ကွက်များ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ပေးစေလို

စာတည်းခင်ဗျား–

မအူပင်မြို့ (၆)ရပ်ကွက်နှင့် (၇)ရပ်ကွက်တို့သည် မြို့၏အနိမ့်ပိုင်းတွင် တည်ရှိပါသည်။ မြို့မပိုင်းမှ စီးဆင်းသောရေများသည် (၇) ရပ်ကွက် ခိုင်ရွှေဝါလမ်းထိပ်မှ (၇)ရပ်ကွက်နှင့် (၆)ရပ်ကွက်တို့သို့ ပွင့်လင်းရာသီတွင်ပင် စီးဆင်းလျက်ရှိပါသည်။ မိုးရာသီတွင် ရေလွှမ်းမိုးပြီး လမ်းများ ပျက်စီးနိုင်ပါသည်။

သို့ပါ၍ အနိမ့်ပိုင်းရပ်ကွက်များ ရေစီးရေလာကောင်းမွန်ရေးအတွက် အချိန်မီ ပြင်ဆင်ပေးပါရန် တင်ပြအပ်ပါသည်။ **မအူပင်သား**

ရပ်ကွက်အတွင်းမှ ဆိတ်သတ်ရုံပြောင်းရွှေ့ပေးပြီး

၂၅–၃–၂၀၀၆ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ ပြည်မြို့မှ **"ရပ်ကွက်အတွင်းမှ ဆိတ်သတ်ရုံပြောင်းရွှေ့ပေးသင့်"** ပေးစာနှင့်စပ်လျဉ်း၍ ရှင်းလင်းဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။ **မြို့နယ်စည်ပင်**

ဒဂုံမြို့သစ် (မြောက်ပိုင်း)(၄၁)ရပ်ကွက် ရေလုံလောက်စွာရရှိရေး ဆောင်ရွက်ပေးပါ

စာတည်းခင်ဗျား–

ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ (၄၁)ရပ်ကွက်၊ မဉ္ဇူသကလမ်းနှင့် စွယ်တော်လမ်းထောင့်ရှိ ရေတိုင်မှာ ရေမလာပါသဖြင့် ရေအခက်အခဲနှင့် ကြုံတွေ့နေရပါသည်။ သို့ပါ၍ ရပ်ကွက်နေပြည်သူများ ယခင်အတိုင်း ရေလုံလောက်စွာရရှိရေး စီစဉ်ပေးပါရန် တင်ပြအပ်ပါသည်။ **ရေလိုသူများ**

ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို ကတိုက်ရေလှောင်တမံစီမံကိန်း ကြည့်ရှုစစ်ဆေး ခြံတောင်သူများ၏ သီးနှံစိုက်ပျိုးရာတွင် လိုအပ်ချက်များ ညှိနှိုင်းဆောင်ရွက်ပေး

နေပြည်တော် ဧပြီ ၂၁

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၁၈ ရက် နံနက်ပိုင်းတွင် သထုံမြို့နယ်ရှိ ဂေါ့ကျေးရွာသို့ သွားရောက်၍ ဒေသခံတောင်သူများ၏ စိုက်ခင်းများသို့ ဝါးပါးဆည်မှ ဆည်ရေပေးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် ဂေါ့ကျေးရွာရှိ ခြံတောင်သူများ၏ ဟင်းသီးဟင်းရွက်နှင့် သီးနှံစိုက်ခင်း များကို လှည့်လည်ကြည့်ရှု အားပေး ကြရာ ပြည်နယ်မြန်မာ့ စိုက်ပျိုးရေး လုပ်ငန်း မန်နေဂျာ ဦးစိန်ဝင်းက မွန်ပြည်နယ်၏ ဆန်စပါးစိုက်ပျိုး မှုနှင့် ဆန်ဖူလုံမှု အခြေအနေများ၊ အခြားသီးနှံနှင့် ဟင်းသီးဟင်းရွက် များ စိုက်ပျိုးထုတ်လုပ်မှု အခြေ အနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက ခြံတောင်သူများ၏ သီးနှံစိုက်ပျိုးရာတွင် လိုအပ်ချက် များကို ဌာနဆိုင်ရာ တာဝန်ရှိသူ များနှင့် ညှိနှိုင်းဆောင်ရွက်ပေးပြီး ခြံတောင်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် ဂေါ့ကျေးရွာရှိ ပုဂ္ဂလိကဆန်စက်များသို့ သွား ရောက်ကြည့်ရှု အားပေးပြီး ကတိုက် ရေလှောင်တမံ စီမံကိန်းရှင်းလင်း ဆောင်သို့ရောက်ရှိရာ ဆည်မြောင်း ဦးစီးဌာန တည်ဆောက်ရေး(၆) ညွှန်ကြားရေးမှူး ဦးလှမြင့်က ကတိုက် ရေလှောင်တမံ စီမံကိန်း **စာမျက်နှာ ၉ ကော်လံ ၁ သို့ ✳**

ယနေ့ မိုးလေဝသ

(၂၂-၄-၂၀၀၆)

နေပြည်တော်မြို့တော်

နေပြည်တော်မြို့တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာဖွယ်ရာ ရှိသည်။ ရွာရန် ရာနှုန်း ၄၀ ဖြစ်သည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက် တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာဖွယ်ရာရှိ သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက် တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာဖွယ်ရာရှိ သည်။ ရွာရန် ရာနှုန်း ၄၀ ဖြစ်သည်။

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို နှင့် အဖွဲ့ဝင်များ ကတိုက် ရေလှောင်တမံ စီမံကိန်းကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၊ ဝန်ကြီးများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဧည့်သည်တော်များ မှုဆယ်နှင့် လားရှိုးမြို့နယ်အတွင်း စိုက်ပျိုးရေးလုပ်ငန်းများ ကြည့်ရှုလေ့လာ

နေပြည်တော် ဧပြီ ၂၁

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်သည် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်နှင့် တာဝန်ရှိသူများနှင့်အတူ ဧပြီ ၁၀ ရက် ညနေ ၄ နာရီက လားရှိုးမြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာသော စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် တင်နိုင်သိန်း၊ ပို့ဆောင်ရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းနှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ကွမ်ရှီးပြည်နယ်မှ စီးပွားရေးလုပ်ငန်းရှင် ဧည့်သည်တော်အဖွဲ့အား လားရှိုးလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်သည်။ စာမျက်နှာ ၁၁ ကော်လံ ၃ သို့ ❃

ကြေးမုံ The Mirror ခေါင်းကြီး၊ ဆောင်းပါး အညွှန်း

✳ **နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်မြေဒေသ အလိုက် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်လာစေရေး ကြိုးပမ်း လျက်ရှိရာတွင် စီးပွားရေးလုပ်ငန်းရှင်များက ဝန်ဆောင်မှု၊ ကုန်သွယ်မှုနှင့် ကုန်ထုတ်လုပ်မှုကဏ္ဍများ၌ တိုးချဲ့ရင်းနှီးမြှုပ်နှံ၍ ဝိုင်းဝန်းပါဝင်ကြရမည်ဖြစ်သည်။**

ခေါင်းကြီး (စာမျက်နှာ-၂)

✳ **ပညာရေးဗိသုကာ ဆရာ၊ ဆရာမများ အရည်အသွေးပြည့်ဝ နေပါမှ အနာဂတ်နိုင်ငံ့သားကောင်းများ ဖြစ်ကြသည့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အီလက်ထရွန်နစ် နည်းပညာများ အံ့မခန်း တိုးတက်နေသည့် ပညာခေတ်တွင် အရည်အသွေး စုံလင်သော လူ့ဘောင်လောကကို ရင်ဆိုင် နိုင်ကြမည်ဖြစ်သည်။**

လင်း(ပညာရေး)၏ **"သင်ကြားမှု အရည်အသွေးပြည့်ဝမှ သင်ယူ သူများ အရည်အသွေး ပြည့်ဝမည်"**

ဆောင်းပါး (စာမျက်နှာ-၆)

ကြေးမုံ The Mirror အင်တာနက်သတင်း

ဒုတိယကမ္ဘာစစ်ကာလမှစ၍ခေတ်စားလာခဲ့သော ဖိလစ်ပိုင်မှ ဂျစ်ပနီကားများ ဆက်လက်တည်ရှိရေး အခက်အခဲနှင့် ရင်ဆိုင်နေရ

မနီလာ ဧပြီ ၂၁

ဖိလစ်ပိုင်နိုင်ငံ၏ အများပြည်သူ သယ်ယူပို့ဆောင်ရေးလုပ်ငန်းတွင် ဒုတိယကမ္ဘာစစ်ကာလမှစတင်၍ ခေတ်စားလာခဲ့သော ဂျစ်ပနီမော်တော်ယာဉ် (Jeepney) ထုတ်လုပ်ရေးလုပ်ငန်းသည် ပြောင်းလဲတိုးတက်လာသော ယနေ့အခြေအနေအရ ဆက်လက်တည်ရှိရေး အခက်အခဲများနှင့် ရင်ဆိုင်နေရကြောင်း ဧပြီ ၂၀ ရက် အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ **စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ●**

ဖိလစ်ပိုင်နိုင်ငံတွင် ဒုတိယကမ္ဘာစစ်နောက်ပိုင်းမှစ၍ အများပြည်သူ သယ်ယူပို့ဆောင်ရေးတွင် အရေးပါခဲ့သော ဂျစ်ပနီ မော်တော်ယာဉ်ကို ကမ္ဘာလှည့်ခရီးသည်များ နှစ်ခြိုက်ကြသည်။

(ဓာတ်ပုံ-အင်တာနက်)